# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၄) ရက် ၊ တနင်္ဂနွေနေ့ ၊ (7-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကျင်းပပြုလုပ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်ပြုလုပ်ရာနေရာသို့ ပင့်ဆောင်စဉ်။

**နေပြည်တော် ဧပြီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့၌ ကျင်းပပြုလုပ်သည်။

အဆိုပါအန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၇ ရက်
အယ်ဒီတာ့အာဘော်

# ချမ်းသာခြင်းအမှန်ဖြစ်စေသည့် ကျန်းမာခြင်း

ကမ္ဘာ့လူသားတိုင်း အရေးအကြီးဆုံး အခြေခံလိုအပ်ချက်မှာ အခြေခံကျန်းမာရေးကောင်းခြင်းဖြစ်ပါသည်။ အခြေခံကျန်းမာရေးကောင်းမွန်ခြင်းမရှိသူတစ်ဦးသည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ အောင်မြင်မှု၊ ပျော်ရွှင်မှုအပေါင်း ဆိတ်သုဉ်းသွားမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လူသားတိုင်း ကျန်းမာစွာ လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) က ၁၉၅၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် ဧပြီ ၇ ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကို ၁၉၄၈ ခုနှစ် ဧပြီ ၇ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုနှစ် ဆိုပါက သက်တမ်း ၇၆ နှစ်တိုင်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး နှစ်စဉ် ကမ္ဘာ့ကျန်းမာရေးနေ့ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်မှာ "လူတိုင်းလူတိုင်းကျန်းမာဖို့၊ ကိုယ်စီပါဝင်ဆောင်ရွက်စို့"ဖြစ်ပါသည်။ လူသားတိုင်း၏ကျန်းမာရေးအခွင့်အရေးသည် ယခုထက်ပို၍ အရေးကြီးသော အချိန်မရှိနိုင်သည့်အတွက် ကျန်းမာရေးအဆင့်အတန်းတွင် လူတိုင်းခံစားပိုင်ခွင့်ရှိရန် အလေးပေးပြဆိုခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ထဲတွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ဟူ၍ပါရှိသည်။ ထိုဦးတည်ချက်အတိုင်း ပြည်သူများ၏ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးကောင်းမွန်ရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရေး၊ ရောဂါများကူးစက်ဖြစ်ပွားတတ်သော သဘောသဘာဝများကို သိရှိကာကွယ်နိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

ယနေ့ခေတ်သည် နည်းပညာများ ဖွံ့ဖြိုးလွန်းလှသဖြင့် ကမ္ဘာအနှံ့မှလူတို့၏ နေထိုင်စားသောက်မှုပုံစံများတွင် လှုပ်ရှားမှုနည်းလာပြီး အထိုင်များလာကြသည်။ အားလပ်ချိန်တွင် စမတ်ဖုန်းဖြင့် အချိန်ဖြုန်းမှုများလာသောကြောင့် လှုပ်ရှားမှုနည်းလာပြီး အကျိုးဆက်အဖြစ် အဝလွန်လာကြသည်။ အဝလွန်ခြင်းနှင့်အတူ ဆီးချို၊ သွေးချို၊ သွေးတိုး စသောရောဂါများပါ ဖြစ်ပွားမှု တိုးပွားလာသည်။ စားသောက်မှုတွင်လည်း အလွယ်တကူ ရရှိစားသောက်နိုင်သည့် အသင့်စား၊ အမြန်ရ အစားအစာများ စားသောက်မှုများလာကြခြင်းကြောင့် ကျန်းမာရေးနှင့်မညီဖြစ်ကာ ရောဂါများဖြစ်ပေါ် လာရပေသည်။ ထို့ကြောင့် အခြေခံကျန်းမာရေးကောင်းမွန်စေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်မှုရှိရန် အရေးကြီးသည်။ လူသားတိုင်း သင့်တော်သော ကိုယ်လက်လှုပ်ရှားမှုနှင့် စားသောက်မှုပုံစံရှိရေး အသိပညာများ လိုက်နာနိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လှုပ်ရှားမှုများကျင်းပ၍ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအောင်မြင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပေသည်။

ကျန်းမာကြံ့ခိုင်မှုရှိသူတစ်ဦးသည် ဘဝတွင် ချမ်းသာကြွယ်ဝပြည့်စုံအောင်၊ ပညာရေးတွင် ထူးချွန်ပြောင်မြောက်အောင် ဆောင်ရွက်ရန် မဟာခွန်အားတစ်ခုရရှိနေသူဖြစ်ပါသည်။ ကျန်းမာခြင်းနှင့် မပြည့်စုံခဲ့ပါမူ မိမိ၏အရည်အချင်းကို အများသူငါနှင့်တန်းတူပင် ထုတ်ဖော်ပြသနိုင်မည်မဟုတ်ပေ။ အတိတ်ကံကြောင့် ချမ်းသာကြွယ်ဝသောဘဝကို ရနေစေကာမူ မကျန်းမာခြင်းဝေဒနာများကြောင့် စိတ်ချမ်းသာပျော်ရွှင်အောင်မြင်မှုမရှိနိုင်တော့ပေ။ ထို့ကြောင့် ဘဝတွင် ချမ်းသာခြင်းအမှန်ဖြစ်စေသော ကျန်းမာခြင်းကို အလေးထားစောင့်ထိန်းကြပါရန် အကြံပြုရေးသားအပ်ပါသည်။

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး မေ ၆**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း မတ်ပဲအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

လက်ရှိတွင် မတ်ပဲကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါ ဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ထိုသို့ ကုန်သည်များက အဝယ်လိုက်လာခြင်းကြောင့် ဧပြီလ ပထမပတ်အတွင်း မတ်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ မတ်ပဲအပြင် ကုလားပဲ၊ နှမ်းတွေလဲ အရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားတွေထဲမှာ ပါပါတယ်။ အခုလတ်တလော မတ်ပဲအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ များလာပါတယ်။ ရန်ကုန်နဲ့ မန္တလေးအပြင် အခြားမြို့တွေမှာလဲ မတ်ပဲကိုဝယ်ယူမှုများပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း မေ ၅ ရက်ပေါက်ဈေးအရ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မတ်ပဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် စပါးရိတ်သိမ်းပြီး သီးထပ်အဖြစ်လည်းကောင်း၊ မြစ်ရေကျချိန်တွင် ကိုင်းကျွန်းများ၌လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၄)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ဦးရေ ၃၄၈၈၉၀ လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့မှာ မြို့ပေါ်နဲ့နယ်တွေက လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသက်န်းကပ်လှူသူတွေ၊ ပန်းကပ်သူတွေ၊ ရေသပ္ပာယ်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မြတိုက်ကသမိုင်းဝင်ပြခန်းတွေကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ငါးကန်၊ လိပ်ကန်တွေကို သွားပြီး ဘုရားဖူးတွေက ငါးစာ၊ လိပ်စာကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကိုတွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆိုရင် ဘုရားဖူးဦးရေတိုးပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၄၆၄၅၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၄၀၈ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၀၂၃ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၁ လမ်းထိ လမ်းလျှောက်သင်္ကြန်ကို ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုပုံစံ ထည့်သွင်းပြုလုပ်သွားမည်

**မန္တလေး မေ ၆**

မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၁ လမ်းထိ လမ်းလျှောက်သင်္ကြန်ကို ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုပုံစံ ထည့်သွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလကို မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေကစားမဏ္ဍပ်များကို နေရာချထားပေးလျက်ရှိသည့်အပြင် ကျုံးတောင်ဘက်တွင်လည်း လမ်းလျှောက်သင်္ကြန်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ်က ပထမဆုံးအကြိမ်အဖြစ် မန္တလေးမြို့ ကျုံးတောင်ဘက်လမ်းလျှောက်သင်္ကြန်မှာတော့ ထူးခြားချက်အနေနဲ့ ကောလိပ်ဂျင်နေဝင်းခေတ်၊ ဝင်းဦးခေတ်၊ သင်္ကြန်မိုးခေတ်၊ယခုခေတ် ဝတ်စားဆင်ယင်မှုပုံစံတွေနဲ့ ခေတ်လေးခေတ်ကိုပုံဖော်ပြီးတော့ ထည့်သွင်းကျင်းပပေးသွားမှာပါ"ဟု ဦးတင်ထွန်းဦးက ပြောပြသည်။

ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်ကာလကို ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၎င်းသင်္ကြန်ပွဲတော်ကာလ၌ မန္တလေးမြို့ ကျုံးတောင်ဘက် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲမည့် ပြည်သူများအနေဖြင့် ခေတ်လေးခေတ်၏ဝတ်စားဆင်ယင်မှုပုံစံများဖြင့် အလှဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုလို ခေတ်လေးခေတ်က ဝတ်စားဆင်ယင်မှုပုံစံတွေကို အခုနှစ် လမ်းလျှောက်သင်္ကြန်မှာထည့်သွင်းပေးရတာက အခုခေတ်လူငယ်တွေ အရင်ကမြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုတွေကို မမေ့လျော့အောင်၊ မြန်မာ့ဓလေ့တွေပျောက်ကွယ်မသွားအောင် အဓိကရည်ရွယ်ပြီးလုပ်ဆောင်ပေးရတာပါ"ဟု ဦးတင်ထွန်းဦးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စီးပွားတိုးတက်ရေးအတွက် အရေးပါသောဝယ်ယူမှုလုပ်ငန်းများ

**မျိုးသူ(ကုန်သွယ်မြှင့်)**

ဝယ်ယူကြရာတွင် အခြေခံအားဖြင့် နှစ်မျိုးရှိသည်။ တစ်ခုမှာ မိမိကိုယ်တိုင် သို့မဟုတ် မိသားစုအတွက်ဝယ်ယူကြခြင်းဖြစ်သည်။ အခြားတစ်ခုမှာ ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူကြခြင်းဖြစ်သည်။ မည်သည့်အတွက် ဝယ်ယူသည်ဖြစ်စေ မည်သို့ဝယ်ယူမည်၊ မည်မျှဝယ်ယူမည်၊ မည်သူ့ထံမှ ဝယ်ယူမည်၊ မည်သည့်ဈေးဖြင့်ဝယ်ယူမည်တို့ကို ကောင်းစွာ စဉ်းစားသုံးသပ်ပြီးမှ ဝယ်ယူကြရသည်ဖြစ်သည်။ သို့ရာတွင် အများသိကြသည့်အတိုင်း ရောင်းမှားရှိသကဲ့သို့ ဝယ်မှားလည်းရှိနေသည်။ ထို့ကြောင့် ရောင်းမှားမဖြစ်ရန်လိုအပ်သကဲ့သို့ ဝယ်မှားမဖြစ်စေရန်လည်းလိုသည်။ မည်သို့ရွေးချယ်ဝယ်ယူကြမည်ကို သေချာစွာသိနားလည်ရန်၊ လုပ်ငန်းကျွမ်းကျင်ရန်၊ ကိုယ်ဝယ်ယူမည့်ပစ္စည်းနှင့်ပတ်သက်၍ ကောင်းစွာသိထားရန်လိုအပ်သည်။ အဓိကမှာ လိုချင်သည်နှင့် လိုအပ်သည်ကိုမှန်မှန်ကန်ကန်ခွဲခြားနိုင်ရန်လိုအပ်သည်။ အမှန်တကယ်လိုအပ်သည့်အတိုင်းအတာထက်ပို၍မဝယ်မိရန် အထူးသတိပြုရမည်။ ထို့ကြောင့် ဝယ်ယူသည့်လုပ်ငန်းကို မလုပ်မီ မိမိကိုယ်ကိုမေးခွန်းများ မေးမြန်းကြရန် လိုအပ်မည်။

**အမှန်လိုအပ်ပါသလား**

အမှန်လိုအပ်ပါသလား။ ကျွန်တော်တို့သည် ပစ္စည်းတစ်ခုကို လုပ်ငန်းအတွက်ဖြစ်စေ၊ မိသားစု သို့မဟုတ် ကိုယ်တိုင်အတွက်ဖြစ်စေ ဝယ်မည်ဟု စဉ်းစားလိုက်သည်နှင့်တစ်ပြိုင်နက် ထိုအရာသည် မိမိအတွက် အမှန်လိုအပ်ပါသလားဟု မေးမြန်းကြည့်ရန် ဦးစွာလိုအပ်သည်။ ပထမဆုံး ဝယ်ယူရမည့်ပစ္စည်းမျိုးဖြစ်ပါသလား၊ ထပ်မံဖြည့်တင်းရမည့်ပစ္စည်းမျိုး ဖြစ်ပါသလား တွေးကြည့်ရန်နှင့် မည်သည့်အတိုင်းအတာထိ လိုအပ်သလဲဟု ထပ်ခါတလဲလဲ မေးကြည့်ရန် လိုအပ်သည်။ ရာနှုန်းပြည့်လိုအပ်နေသည်မှာ သေချာပြီလားဟု မေးကြည့်ရမည်။ မိမိကိုယ်ကိုမေးကြည့်သည့်အခါ လိုချင်စိတ်ကဲနေလျှင် သာသာထိုးထိုး တွေးကြည့်ပြီး လိုအပ်သည်နှင့်လိုချင်သည်ကို ရောထွေးစဉ်းစားမိတတ်သည်။ လုပ်ငန်းကို တိုးတက်ရန်အတွက် လိုအပ်ချက်ကို ရှာဖွေဝယ်ယူခြင်းမျိုးကိုသာ ဆောင်ရွက်သင့်သည်။ ရင်းနှီးမြှုပ်နှံသည့် အခြေအနေမျိုးအတွက်ဆိုလျှင် ပိုမိုစဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် အမှန်လိုအပ်သလား။ ဝယ်ယူခြင်းဖြင့်ရရှိလာမည့်အကျိုးအပြစ်များနှင့် အားသာချက် အားနည်းချက်များကို သေချာစွာ ချင့်ချိန်စဉ်းစားရန်လိုအပ်သည်။

**ကုန်ကျရန်အမှန်လိုပါသလား**

ဝယ်ယူလိုသော ကုန်ပစ္စည်းအတွက် ကုန်ကျစရိတ်သည် အမှန်ဖြစ်ရဲ့လားဟု စဉ်းစားရန်လိုအပ်သည်။ ဆိုလိုသည်မှာ မိမိအတွက် အမှန်လိုအပ်သဖြင့် မဖြစ်မနေ ကုန်ကျရမည့်စရိတ်ဖြစ်သလား၊ အမှန်သုံးစွဲသင့်သလားဟု ထပ်မံစဉ်းစားရမည်ဖြစ်သည်။ မိမိတွင် မည်မျှလိုအပ်နေသည်ဖြစ်စေကာမူ ထိုပစ္စည်းအတွက် အမှန်ကုန်ကျရန် ငွေကြေးရှိသလား၊ ထိုပစ္စည်းအတွက် မည်သည့်အတိုင်းအတာထိ ငွေကြေးသုံးစွဲမည်ကို မိမိ၏ကုန်ကျစရိတ်တွင် ထည့်သွင်းတွက်ချက်ထားပါသလားဟု စဉ်းစားရန် လိုအပ်သေးသည်။ ဆိုလိုသည်မှာ မော်တော်ကားတစ်စီးကို လုပ်ငန်းအတွက် မဖြစ်မနေသုံးစွဲရန် လိုအပ်သည်ဟု ဆိုပါစို့။ မည်သည့်ကားအမျိုးအစားကို ဝယ်ယူသုံးစွဲမည်၊ ရေရှည်တွင် မည်မျှသက်သာမည်၊ ကုန်ကျစရိတ်ကို အမှန်လျှော့ချနိုင်မည်၊ ကားငှားသုံးစွဲရသည်ထက် ကိုက်သည် စသည့်အားသာချက်များကို တွက်ချက်ကြည့်ရမည်ဖြစ်သည်။ ထို့အတူ ကားဝယ်သုံးစွဲပါက ကားပြင်ဆင်စရိတ်များ၊ ယာဉ်မောင်းစရိတ်များ၊ အခြား အထွေထွေစရိတ်များ ထပ်မံကုန်ကျမည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံခြင်းကို လုပ်ငန်းသုံးကားဝယ်ယူပြီး သုံးစွဲခြင်းနှင့် ငှားရမ်းသုံးစွဲခြင်းကို နှိုင်းယှဉ်ကြည့်ရမည်ဖြစ်သည်။ ထို့ပြင် ဈေးသက်သာသည့်ကားကို ဝယ်သဖြင့် ပြင်ဆင်စရိတ်နှင့်ဆီဖိုး ထောင်းနေလျှင်လည်း တွက်ခြေကိုက်မည်မဟုတ်ပါ။ ထို့ကြောင့် တစ်ခါတစ်ရံ ရေရှည်သက်သာသော စရိတ်ဖြစ်စေရေးအတွက် ပိုမိုတန်ဖိုးကြီးသော အမျိုးအစားကို ဝယ်ယူရခြင်းမျိုးလည်းရှိတတ်သည်။ The dearest is the cheapest in the long run ဟူသော စကားကိုလည်းသတိပြုပြီး ဝယ်ယူရာတွင် စဉ်းစားရမည်။ အဓိကအားဖြင့် ကုန်ကျသင့်ရဲ့လား။ ကုန်ကျစရာ မိမိတွင်ရှိရဲ့လား။ အကြွေးဝယ်ရမှာလား။ အကြွေးကြောင့် ပြန်ထိခိုက်နိုင်သလား။ ကုန်ကျစရိတ်နှင့်တန်ဖိုးသည် အကြွေးဝယ်လျှင် ထပ်မံမြင့်တက်မည်ဖြစ်သည်ကိုလည်း ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။

**အချိန်မည်မျှကြာအောင်ပျော်ရွှင်စေမလဲ**

စိတ်လှုပ်ရှားတက်ကြွပြီး လိုချင်စိတ်များလွန်ကဲကာ ဝယ်ယူမိသည်များရှိသည်။ ဝယ်ယူမိပြီးမှ ဈေးကြီးနေသည်။ မျှော်လင့်သည့်အတိုင်း ဖြစ်မလာသဖြင့် ဝယ်ယူမိသည်ကို နောင်တရနေသည်မျိုးကို ကြုံရတတ်သည်။ ကြုံဖူးမည်ထင်သည်။ လိုအပ်၍ သေချာစွာ ချင့်ချိန်တွက်ချက်ပြီးမှ ဝယ်ယူထားသဖြင့် စိတ်ကျေနပ်သော ပီတိနှင့်ပျော်ရွှင်ရသည်မျိုးလည်း ကြုံဖူးမည်ထင်သည်။ ထိုကဲ့သို့ပျော်ရွှင်၍ တစိမ့်စိမ့်ပီတိဖြစ်နေရသည်မျိုးကို ဝယ်ယူပြီးသည့်အခါတိုင်းကြုံနိုင်ရန် လိုသည်။ ထို့ကြောင့် မည်သို့စဉ်းစား၍ မည်သည့်အခြေအနေဖြင့်ဝယ်ယူရသည့်အခါ ပျော်ရွှင်ရခြင်း ကြာရှည်သည်ကို စဉ်းစားပြီး ထိုအတိုင်း အခြားပစ္စည်းများကိုဝယ်ယူသည့်အခါ လုပ်ကိုင်ရန်လိုအပ်သည်။ ယခုခေတ်တွင် ခေတ်မီကိရိယာများ၊ အထူးသဖြင့် Smart phone များသည် သူ့ထက်ငါ အရည်အသွေးကောင်းများ၊ ပုံစံအဆန်းများ၊ တီထွင်ဆန်းသစ်မှုအသစ်များဖြင့် အချိန်နှင့်အမျှအသစ်အသစ် ထွက်ပေါ်နေသည်ဖြစ်၍ ရွေးချယ်ရသည်မှာ အလွန်ခက်ခဲလှသည်ကို တွေ့နေရသည်။ လက်ကျန်ငွေကြေးများပြားစွာရှိသဖြင့် အကောင်းဆုံးကို ရွေးချယ်ဝယ်ယူနိုင်သည်ဖြစ်သော်လည်း ထပ်မံ၍ အသစ်အဆန်းပေါ်လာလျှင် ထပ်မံပြောင်းလဲကိုင်တွယ်ချင်စိတ်ပေါ်လာတတ်သည်။ ထို့ကြောင့် သေသေချာချာစဉ်းစားပြီး လိုအပ်သည့်ပစ္စည်းတစ်ခုကို ရွေးချယ်ဝယ်ယူမှသာ အထက်ဖော်ပြပါ ပျော်ရွှင်မှုပီတိကိုခံစားရမည်ဖြစ်သည်။ လိုအပ်ချက်နှင့် လိုအင်ဆန္ဒကို ရောထွေးပြီးစဉ်းစားခြင်းမပြုရန် အထူးလိုအပ်လှသည်။

**လုပ်ငန်းကို အထောက်အကူမည်မျှဖြစ်နိုင်သလဲ**

မိမိလုပ်ငန်းတွင် လိုအပ်သော ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူမည်ဆိုပါက လုပ်ငန်းကိုအထောက်အကူမည်မျှဖြစ်နိုင်သည်ကို ပထမဆုံးစဉ်းစားရမည်ဖြစ်သည်။ ဝယ်ယူသည့်အကြောင်းများတွင် လုပ်ငန်းအတွက်လိုအပ်ချက်ထက် လိုချင်သည့်အတွက်ဖြစ်စေ၊ စိတ်ခံစားချက်ကြောင့်ဖြစ်စေ၊ မိမိ၏လူနေမှုအဆင့်ကို ဖော်ပြချင်သဖြင့်ဖြစ်စေ၊ ပျော်ရွှင်ချင်သဖြင့်ဖြစ်စေ၊ ကြွားဝါချင်သဖြင့်ဖြစ်စေ ဝယ်ယူတတ်ကြသည်။ ကုန်ပစ္စည်းကိုသယ်ယူပြီး ရောင်းချရသည့်လုပ်ငန်းမျိုးတွင် အခြားသူပိုင်သော မော်တော်ယဉ်ကို ငှားရမ်းသုံးစွဲရသည့်အခါမျိုးတွင် တစ်ခါတစ်ရံ အဆင်မပြေမှုများ၊ လိုချင်သည့်အချိန်တွင် ငှားမရသည်များနှင့် ငှားခဈေးကြီးမြင့်သည်များ ကြုံရတတ်သည်။ ထိုအခါမျိုးတွင် ကိုယ်ပိုင်လုပ်ငန်းသုံးယာဉ်ရှိပါက သယ်ယူပို့ဆောင်ရာတွင် လွယ်ကူပြီး ပိုမိုအဆင်ပြေလွယ်ကူသည်။ ကုန်ပြတ်လတ်ခြင်းမရှိအောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ အခြားသူများနှင့်ယှဉ်ပြိုင်ရာတွင်လည်းကောင်း ဈေးနှုန်းလည်းလျှော့ချဆောင်ရွက်ပေးနိုင်သည့် အားသာချက်များရရှိစေသည်။ ထိုကဲ့သို့သော ရွေးချယ်မှုမျိုးကို စဉ်းစားဆောင်ရွက်ရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းတိုးချဲ့ရန် လိုအပ်သည့်အခါတွင်လည်း ပစ္စည်းဝယ်ယူမှုများကို ချင့်ချိန်ရန်လိုအပ်သည်။

**လိုချင်ဆန္ဒနှင့်ဝယ်လိုတာလား**

ထပ်ခါတလဲလဲ ပြောခဲ့သကဲ့သို့ လိုအပ်ချက်ကြောင့်လား၊ လိုချင်လို့လားဆိုသည်ကို ကွဲပြားရန်လိုသည်။ များသောအားဖြင့် လိုချင်စိတ်က ဦးဆောင်သွားတတ်သည်။ လိုအပ်သဖြင့် ဝယ်ယူသည့်အခါများတွင်ပင် လိုအပ်သည်ထက် လိုချင်သည့်ဘက်ကိုရောက်သွားတတ်သည်။ ထိုအခါမျိုးတွင် မိမိတတ်နိုင်ပြီး သုံးစွဲနိုင်သည့်ငွေကြေးပမာဏကိုပါ ထည့်သွင်းတွက်ချက်ထားရန်လိုအပ်သည်။ အထက်တွင်ဖော်ပြသကဲ့သို့ လုပ်ငန်းသုံးကားဝယ်ယူသည့်အခါမျိုးတွင်ပင် ပိုမိုဈေးကြီးသည့်ကား၊ ပိုမိုကောင်းမွန်သည့်ကားမျိုးကို မလိုအပ်ဘဲရွေးချယ်မိတတ်သည်။ ထို့ကြောင့် မဝယ်မီကပင် အကြွေးနှင့်ဝယ်ယူခြင်းမျိုးကို သတိပြုချင့်ချိန်ရန်နှင့် ရင်းနှီးမြှုပ်နှံရမည့်ပမာဏငွေကြေးကို ကြိုတင်ခန့်မှန်းထားရန်လိုအပ်သည်။ ရွေးချယ်သည့်အခါတွင်လည်း လုပ်ငန်းလိုအပ်ချက်ကို အဓိကထားရန်နှင့် လိုချင်ဆန္ဒနောက်သို့ လိုက်ပါပြီး မဆုံးဖြတ်မိစေရန်သတိပြုရမည်။ ခေတ္တပျော်ရွှင်မှုအတွက်လည်းကောင်း၊ စိတ်ခံစားချက် ကောင်းမွန်စေရန်အတွက်လည်းကောင်း၊ ကြွားဝါလို၍လည်းကောင်းဝယ်ယူခြင်းမျိုးကို လုပ်ငန်းလိုအပ်ချက်အတွက် ဝယ်ယူသည့်ကိစ္စမျိုးတွင် လုံးဝရှောင်ရှားရန်လိုအပ်သည်။

Online မှဖြစ်စေ ရောင်းချနေသည့် အိမ်၊ ခြံမြေ အပါအဝင်မည်သည့်ပစ္စည်းမဆို ဈေးသက်သာမှုများ၊ အခွင့်အလမ်းများ၊ လျှော့ဈေးများကို ထည့်သွင်းကြော်ငြာရောင်းချပေးနေသည်ကို တွေ့နိုင်သည်။ ထိုအချက်များကိုတွေ့လျှင် တစ်ချက်စဉ်းစားရမည်မှာ ထိုသူများရောင်းချနေခြင်း၊ ကြော်ငြာနေခြင်းသည် သူတို့အလုပ်သူတို့လုပ်နေခြင်းသာဖြစ်သည်။ သူတို့ပြောနေသော ပစ္စည်း၏အားသာချက်များသည် မည်မျှပင်များစေကာမူ မိမိလိုအပ်ချက်နှင့်ကိုက်ညီရန်လိုသည်ကို အမြဲပင်ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ လိုအပ်ချက်နှင့် အချက်အလက်တချို့ကိုက်ညီရုံဖြင့်မပြီးပါ။ လိုအပ်ချက်နှင့် ရာနှုန်းပြည့်နီးပါးကိုက်ညီမှသာဝယ်ယူရန် ဈေးဆိုင်ကြည့်ခြင်းကို ပြုလုပ်သင့်သည်။ ဈေးနှုန်းကိုပြောပြီးသည့်တိုင်အောင် ထပ်မံဈေးဆစ်ပါဟု အကြံပြုလိုသည်။ မည်သည့်ပမာဏဖြစ်စေ ဈေးသက်သာသည်နှင့်အမျှ အကျိုးအမြတ်သည် ရာခိုင်နှုန်းတစ်ခု ပိုမိုရရှိပြီးဖြစ်သည်ကို မမေ့ထားရန်လိုအပ်သည်။ ထို့ကြောင့် ဝယ်ယူသူဘက်က ဈေးဆစ်ခြင်းကို မဖြစ်မနေလုပ်ရမည်ဖြစ်သည်။ ဈေးဆစ်ခြင်းကို လုပ်ကိုင်ခွင့်ပိုမိုရရှိစေသည့်အချက်များမှာ ဈေးကွက်ထဲတွင် အပြိုင်အဆိုင်ရောင်းချမှုများပြားနေသော ပစ္စည်းမျိုးသည်ဈေးဆစ်ရလွယ်ကူတတ်သည်။ ဈေးပေါင်ကျိုးခေါ်သည့် အချိန်မျိုးသည် ဈေးသက်သာတတ်သဖြင့် ထိုအချိန်မျိုးကို မှတ်သားပြီးဈေးဝယ်ခြင်းမျိုးသည် လိုချင်သည့်ပစ္စည်းကို ဈေးသက်သက်သာသာနှင့်ကောင်းကောင်းရတတ်သည်ကို သတိပြုရန်လည်းလိုအပ်သည်။

ဝယ်သူတိုင်းသည် မြန်၊ ကောင်း၊ သက်သာဆိုသည့် အချက်သုံးချက်ကိုလိုချင်ကြသည်။ ဝယ်ယူသည့်ပစ္စည်းတိုင်းကို ဈေးသက်သာလိုသည်။ ပေးရသည့်ဈေးထက် အရည်အသွေးကောင်းသည်ကို လိုချင်သည်။ ထို့ပြင် စောင့်ဆိုင်းဝယ်ယူရသည်မျိုးထက် မြန်မြန်ဆန်ဆန်ရရှိလိုကြသည်ဖြစ်သည်။ အထူးသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ရသည့်အခါမျိုးတွင် အချိန်တိုတိုနှင့် ရလိုကြသည်သာဖြစ်သည်။ ကုန်ပစ္စည်းတစ်ခုကို ရန်ကုန်မှမန္တလေးသို့သယ်ယူသည့်အခါ နှစ်ရက်ခန့်ကြာမြင့်သည်ကို တစ်ရက်၊ တစ်ရက်ခွဲဖြင့် ရလိုသည်သာဖြစ်သည်။ မိမိကုန်ပစ္စည်းက ဈေးကွက်တွင် ဦးစွာရောက်ရှိလျှင် ဈေးကောင်းရတတ်ပြီး အချိန်မြန်မြန်သယ်ယူနိုင်လျှင် တစ်လအတွင်း သယ်ယူရောင်းချနိုင်သည့် အခေါက်ရေများပြားကာ အကြိမ်ရေများပြားလာသဖြင့် အကျိုးအမြတ်လည်း ပိုများလာမည်ဖြစ်သောကြောင့် ကုန်သည်တိုင်း၊ လုပ်ငန်းရှင်တိုင်းအတွက် အချိန်သက်သာရေးသည် အဓိကအချက်ဖြစ်သည်။

နိုင်ငံတကာတွင် Ease of Doing Business ဟူသော လုပ်ငန်းစဉ်များကို အစိုးရဌာနများက ပြည်တွင်းကုန်သည်များ၊ လုပ်ငန်းရှင်များ သက်သာကောင်းမွန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလေ့ရှိသည်။ အဓိကဖြေလျှော့ပေးသော အချက်များမှာ မိမိဌာနမှ လုပ်ငန်းရှင်များနှင့် ဆက်ဆံလုပ်ကိုင်ကြရာတွင် ကြုံတွေ့ရသည့်အချိန်၊ ကုန်ကျစရိတ်နှင့် လုပ်ထုံးလုပ်နည်းများဖြစ်သည်။ အချိန်လျှော့ချခြင်း(Reduce working time)၊ ကုန်ကျစရိတ်လျှော့ချခြင်း(Reduce Official Cost)၊ လုပ်ထုံးလုပ်နည်း အဆင့်များလျှော့ချခြင်း(Reduce Procedures) တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းရှင်များအတွက် လိုအပ်သည့် မြန်၊ ကောင်း၊ သက်သာမှုကို ရရှိစေသည်။

> ❖ Online မှဖြစ်စေ ရောင်းချနေသည့် အိမ်၊ ခြံမြေ အပါအဝင်မည်သည့်ပစ္စည်းမဆို ဈေးသက်သာမှုများ၊ အခွင့်အလမ်းများ၊ လျှော့ဈေးများကို ထည့်သွင်းကြော်ငြာရောင်းချပေးနေသည်ကိုတွေ့နိုင်သည်။ ထိုအချက်များကိုတွေ့လျှင် တစ်ချက်စဉ်းစားရမည်မှာ ထိုသူများရောင်းချနေခြင်း၊ ကြော်ငြာနေခြင်းသည် သူတို့အလုပ်သူတို့လုပ်နေခြင်းသာဖြစ်သည်။ သူတို့ပြောနေသော ပစ္စည်း၏အားသာချက်များသည် မည်မျှပင်များစေကာမူ မိမိလိုအပ်ချက်နှင့်ကိုက်ညီရန်လိုသည်ကို အမြဲပင်ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ လိုအပ်ချက်နှင့် အချက်အလက်တချို့ကိုက်ညီရုံဖြင့်မပြီးပါ၊ လိုအပ်ချက်နှင့် ရာနှုန်းပြည့်နီးပါးကိုက်ညီမှသာဝယ်ယူရန် ဈေးဆိုင်ကြည့်ခြင်းကို ပြုလုပ်သင့်ပါသည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၁၉၅၂၄ ဧက ရိတ်သိမ်းပြီးစီး

**ဝက်လက် ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၁၉၅၂၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၁၉၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဖူးစားပြောင်း ဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၁၉၅၂၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ဖူးစားပြောင်းတွေကို ရိတ်သိမ်းရာမှာ ဒီနေ့ထိ ဧကအားလုံးရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းသီးနှံ ၂၁၄၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဖူးစားပြောင်း ၁၉၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းစိုက်ပျိုးရန် လျာထားချက်မရှိသော်လည်း အစေ့ထုတ်ပြောင်း ၁၀ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**ငွေကြေးသုံးစွဲမှုစီမံချက်ချမှတ်ပါ**

လုပ်ငန်းမည်မျှသေးသည်ဖြစ်စေ တစ်နှစ်တာအတွက် ငွေကြေးသုံးစွဲမှုစီမံချက်ကို ကြိုတင်ရေးဆွဲထားရန်လိုအပ်သည်။ ဆိုလိုသည်မှာ လက်မှုထည်ထုတ်လုပ်သော လုပ်ငန်းတစ်ခုတွင် ကုန်ကြမ်းမည်မျှကို မည်သည့်အချိန်တွင် မည်မျှဝယ်ယူမည်ဆိုသည်ကို ကြိုတင်ထည့်သွင်း၍ ငွေကြေးအရေအတွက်သတ်မှတ်ထားရမည်။ လုပ်ငန်းပမာဏတိုးချဲ့ရခြေကို ကြိုတင်ခန့်မှန်းပြီးလည်းကောင်း၊ ကုန်ကြမ်းဈေးပြောင်းလဲနိုင်ခြေကိုကြိုတင်ခန့်မှန်းပြီးလည်းကောင်း၊ မည်သည့်အချိန်တွင် မည်မျှကြိုတင်ဝယ်ယူသိုလှောင်ထားမည်ကိုလည်းကောင်း တွက်ချက်ထားရမည်။တစ်နှစ်အစီအစဉ်ကိုလည်းကောင်း၊ သုံးလ၊ တစ်လ၊ တစ်ပတ် အစီအစဉ်ကိုလည်းကောင်း ကြိုတင်၍ ရသုံးမှန်းခြေငွေစာရင်းကို တွက်ချက်ထားရန်လိုအပ်သည်။ ထိုသို့ သုံးစွဲမည့်ကိစ္စကို ကြိုတင်၍ တွက်ချက်စဉ်းစားထားခြင်းဖြင့် လိုအပ်ချက်ကိုသာရွေးချယ်ဝယ်ယူမိစေသည်။ အခြားအရေးကြီးသောကိစ္စတစ်ခုမှ ကုန်လက်ကျန်စီမံခန့်ခွဲခြင်းဖြစ်သည်။ လုပ်ငန်းသေးများဖြစ်စေ လိုအပ်သော ကုန်ကြမ်း၊ ကုန်ချောပမာဏကို မည်သည့်အတိုင်းအတာထိ သိုလှောင်ထားမည်ကို ကြိုတင်စဉ်းစားတွက်ချက်ထုတ်လုပ်ရန်၊ ဝယ်ယူရန်လိုအပ်သည်။ ဤသို့ ကုန်လက်ကျန်ကို ထိန်းသိမ်းခြင်းဖြင့် စနစ်တကျဆောင်ရွက်နိုင်လျှင် မလိုအပ်ဘဲ ကုန်ကျစရိတ်သက်သာခြင်းနှင့် ဈေးကောင်းရရှိနိုင်ခြင်းတို့ကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ကုန်ပစ္စည်းဝယ်ယူသူတိုင်းသည် မိမိလုပ်ငန်းကို တိုးတက်ကြီးပွားလိုပါက လိုချင်စိတ် ဆန္ဒနောက်မလိုက်ဘဲ၊ လိုအပ်ချက်ကိုသာ သေချာတွက်ချက်စဉ်းစားတိုင်ပင်ပြီးမှ ဝယ်ယူမည်ဆိုပါက ယိုပေါက်မရှိဘဲ အဝယ်လှလှနှင့် ကြီးပွားတိုးတက်အောင်မြင်လာမည်မှာ သေချာပါကြောင်း ပြောကြားလိုပါသည်။

**ကိုးကား**

- **Take Charge America Organization's 5 questions to ask yourself before making a purchase.**

## ကျန်းမာခြင်းသည် လာဘ်တစ်ပါး

- ကျန်းမာခြင်းဟာ လာဘ်တစ်ပါးပါဟု
  မြတ်စွာဗုဒ္ဓ ဟောညွှန်ပြခဲ့
  လူကကျန်းမာ စိတ်ချမ်းသာမှ
  လိုရာပြီးမြောက် ထင်တိုင်းပေါက်လိမ့်။

- ထမင်းအသက် ခုနစ်ရက်ဟု
  စဉ်ဆက်ပြောလာ ယုံကြည်ပါလည်း
  ကျန်းမာရေးပါ ကောင်းကြပါမှ
  စားကာသောက်ကာ ပျော်ကာရွှင်ရေး
  သင်စိတ်အေးလိမ့်။

- ရေ၏အသက် တစ်မနက်ဟု
  ဆိုချက်သတိ ရှိသော်ရှိငြား
  စားစားသောက်သောက် နေနိုင်လောက်စေ
  ကျန်းမာနေမှ သင့်ဘဝအတွက်
  ရပ်တည်လျက်သာ နေရပါလိမ့်။

- ရာသီဥတု တည်ငြိမ်မှုမဲ့
  ယခုအေးနေ အကြာနေပူ
  ခါမူကန့်သတ် မရှိတတ်ပါ
  မိုးရွာတစ်ပြိုက် နေထွက်လိုက်နှင့်
  စိတ်ကြိုက်မရ သဘာဝတရား
  ရှောင်ရှားမရ သင်တွေ့ရလိမ့်။

- ထို့ကြောင့်သာပင် ရာရာစစ
  လှုံ့လစိုက်ထုတ် လှုပ်ရှားကိုယ်လက်
  အားကစားဖက်မှ အသက်ရှည်ရာ
  အနာမဲ့ကြောင်း သင်ရကောင်းလိမ့်
  မနှောင်းမီပင် ယခုပြင်မှ
  ကိုယ်တွင်ကျန်းမာ စိတ်ချမ်းသာလိမ့်
  မှတ်ပါစေကြောင်း စေတနာကောင်းဖြင့်
  သွန်းလောင်းမေတ္တာ ဖြန်းပက်ပါ၏
  ကျန်းမာချမ်းသာကြစေသော်။ ။

**ဘိုမျိုး(ရွှေဘို)**

(ဧပြီ ၇ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ကို ဂုဏ်ပြုလျက်။)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လေ့ကား၊ လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ကပ်ရှ်အမည်ရှိ မူးယစ်ဆေးဝါးပြဿနာကြောင့် အမျိုးသားအရေးပေါ်အခြေအနေ ဆီယာလီယွန်ကြေညာ

**ဖရီးတောင်း ဇွန် ၆**

ဆီယာလီယွန် နိုင်ငံသားများကြား မူးယစ်ဆေးသုံးစွဲမှုမြင့်တက်လာမှုကြောင့် သမ္မတ မာဒါဘိုင်အိုက ဇွန် ၅ ရက်တွင် အမျိုးသားအရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။

ဈေးနှုန်း ချိုသာသော်လည်း အသက် အန္တရာယ်ရှိသည့် ကပ်ရှ်အမည်ရှိ မူးယစ်ဆေးဝါးတစ်မျိုး သုံးစွဲမှု မြင့်တက်နေမှုကြောင့် ဆီယာလီယွန်သမ္မတက အမျိုးသားအရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ဆီယာလီယွန်နိုင်ငံ၌ ကပ်ရှ်မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူငယ်လူရွယ်များ ရာနှင့်ချီသေဆုံးခဲ့ရသည်။

သို့သော် ကပ်ရှ်မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် သေဆုံးခဲ့ရသူအရေအတွက်ကို ဆီယာလီယွန်အစိုးရက အတိအကျထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

ကပ်ရှ် မူးယစ်ဆေးဝါးသည် ဆီယာလီယွန်လူငယ်များအတွက် သေကျိုးများဖန်တီးပေးနေကြောင်း ဆီယာလီယွန်သမ္မတက ပြောကြားထားသည်။

ထို့ပြင် ကပ်ရှ်မူးယစ်ဆေးဝါးပြဿနာကိုကိုင်တွယ်ရေးအတွက် သမ္မတအကြံပေးအဖွဲ့က ဦးဆောင်၍ လူမှုအလွှာအသီးသီးမှပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားအထူးအဖွဲ့ဖွဲ့စည်းမည်ဟု သမ္မတမာဒါဘိုင်အိုက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အီရန်ကပြုလုပ်လာနိုင်သည့် တိုက်ခိုက်မှုများအတွက် အရှေ့အလယ်ပိုင်း၌ အမေရိကန်စစ်ဘက်အသင့်ပြင်ထား

**ဝါရှင်တန် ဇွန် ၆**

ဒမတ်စကတ်မြို့ အီရန်သံရုံး တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသရှိ အစ္စရေး သို့မဟုတ် အမေရိကန်ပစ်မှတ်များအား အီရန်နိုင်ငံက တိုက်ခိုက်မည့် အရေးအတွက် အမေရိကန်နိုင်ငံအနေဖြင့် အသင့်အနေအထားပြင်ဆင်ထားကြောင်း အမေရိကန်တာဝန်ရှိသူများက ဇွန် ၅ ရက်တွင် ပြောကြားထားသည်။

လာမည့်ရက်သတ္တပတ်အတွင်း အီရန်နိုင်ငံက လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ဖွယ်ရှိရာ အမေရိကန်နိုင်ငံအနေဖြင့်လည်း အသင့်အနေအထား ပြင်ဆင်ထားသည်ဟု အမေရိကန်တာဝန်ရှိသူများက အတည်ပြုထားကြောင်း သိရသည်။

ဇွန် ၁ ရက်က အစ္စရေးစစ်လေယာဉ်များအဖြစ် ယူဆရသည့်စစ်လေယာဉ်များက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အီရန်ထိပ်တန်းတပ်မှူးတစ်ဦးနှင့် စစ်ရေးအကြံပေးများသေဆုံးခဲ့ရသည်။

အီရန်သံရုံး တိုက်ခိုက်ခံရမှုအတွက် အစ္စရေးတွင် တာဝန်ရှိကြောင်း အီရန်ခေါင်းဆောင်များက ပြောကြားထားပြီး မဖြစ်မနေ လက်တုံ့ပြန်မည် ဖြစ်ကြောင်း ကြေညာထားသည်။

အီရန်သံရုံး တိုက်ခိုက်ခံရမှုအတွက် မိမိတို့အနေဖြင့် ပြတ်ပြတ်သားသား တုံ့ပြန်ပိုင်ခွင့်ရှိကြောင်း အီရန်အစိုးရက ပြောကြားထားသည်။

ဒမတ်စကတ်မြို့ အီရန်သံရုံး တိုက်ခိုက်ခံရမှုသည် အစ္စရေးနှင့် အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ အစ္စရေး၏ရန်သူများကြား စစ်ရေးတင်းမာမှု ထပ်မံမြင့်မားလာမည့်သဘောကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ဘာလ်တီမိုးမြို့သို့သွားရောက်၍ ဖရန်စစ်စကော့ကီးတံတားအပျက်အစီးများကို ကြည့်ရှုစစ်ဆေး



**ဝါရှင်တန် ဇွန် ၆**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဇွန် ၅ ရက်တွင် ဘာလ်တီမိုးမြို့သို့သွားရောက်၍ ဖရန်စစ်စကော့ကီးတံတားအပျက်အစီးများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဘာလ်တီမိုးမြို့သို့ ရောက်ရှိချိန်တွင် သမ္မတဂျိုးဘိုင်ဒင်သည် မရိန်း-၁ရဟတ်ယာဉ်ဖြင့် ဖရန်စစ်စကော့ကီး တံတားအပျက်အစီးများကို ကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ဖရန်စစ်စကော့ကီး မြစ်ကူးတံတားသည် ကုန်သေတ္တာတင်သင်္ဘောတစ်စီး ဝင်တိုက်မှုကြောင့် မတ် ၂၆ ရက်တွင် ပြိုကျခဲ့ရသည်။

ဖရန်စစ်စကော့ကီးတံတား ပြိုကျမှုကြောင့် အလုပ်သမားခြောက်ဦးသေဆုံး၍ ဘာလ်တီမိုးဆိပ်ကမ်းအဝင်အထွက်ရေလမ်းကြောင်းများ ပိတ်ခဲ့ရသည်။

ဖရန်စစ်စကော့ကီး တံတားပြန်လည်တည်ဆောက်ရေးရန်ပုံငွေ အဆိုပြုချက်ကို အမြန်ဆုံးသဘောတူပေးရန် သမ္မတ ဂျိုးဘိုင်ဒင်က ဘာလ်တီမိုး ခရီးစဉ်အတွင်း ကွန်ဂရက်လွှတ်တော်ကို တိုက်တွန်းခဲ့သည်။

ထို့ပြင် သမ္မတဂျိုးဘိုင်ဒင်သည် ဘာလ်တီမိုးခရီးစဉ်အတွင်း တံတားပြိုကျမှုကြောင့် သေဆုံးခဲ့ရသူ အလုပ်သမား ခြောက်ဦးတို့၏ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မက္ကဆီကိုသံရုံးအတွင်း အီကွေဒေါရဲတပ်ဖွဲ့ဝင်ရောက်မှုကြောင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးရပ်တန့်ရန် မက္ကဆီကိုသမ္မတ ညွှန်ကြား

**မက္ကဆီကိုစီးတီး ဇွန် ၆**

ကွီတိုမြို့ရှိ မက္ကဆီကိုသံရုံးအတွင်း ခိုအောင်းနေသော အီကွေဒေါ ဒုတိယသမ္မတဟောင်း ဂျော့ဂလက်စ်ကို အီကွေဒေါအာဏာပိုင်များက ဝင်ရောက်ဖမ်းဆီးခဲ့ရာ မက္ကဆီကိုနိုင်ငံအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ရပ်ဆိုင်းခဲ့ရကြောင်း ဇွန်၅ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီကွေဒေါ အာဏာပိုင်များသည် မက္ကဆီကိုသံရုံးအတွင်း ခိုလှုံနေသည့် ဒုတိယသမ္မတဟောင်း ဂျော့ဂလက်စ်ကို ဇွန် ၅ ရက်ညနေပိုင်းတွင် ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဂတိလိုက်စားမှုစွဲချက်နှစ်ခုဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသော ဂျော့ဂလက်စ်သည် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလအတွင်းမှစ၍ မက္ကဆီကိုသံရုံးအတွင်းခိုလှုံနေခဲ့ပြီး မက္ကဆီကိုနိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့်ရရန် ကြိုးပမ်းခဲ့သည်။

အီကွေဒေါ ရဲတပ်ဖွဲ့ဝင်များသည် ဂျော့ဂလက်စ်ကို မဖမ်းဆီးမီ မက္ကဆီကို သံရုံးအတွင်းသို့ အင်အားသုံး ဝင်ရောက်ခဲ့ကြောင်း မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါက ပြောကြားထားကြောင်း သိရသည်။

အီကွေဒေါရဲတပ်ဖွဲ့ဝင်များက မက္ကဆီကိုသံရုံးအတွင်း အဓမ္မဝင်ရောက်၍ ဂျော့ဂလက်စ်ကို ဖမ်းဆီးခဲ့ပြီးနောက် အီကွေဒေါနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ရပ်ဆိုင်းထားရန် သမ္မတ လိုပက်ဇ်အော်ဘရေဒေါက မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနကို ညွှန်ကြားထားသည်။

ဂျော့ဂလက်စ်ကို မက္ကဆီကိုသံရုံးအတွင်း အဓမ္မဝင်ရောက်ဖမ်းဆီးမှုသည် နိုင်ငံတကာဥပဒေများနှင့် မက္ကဆီကိုအချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်မှုအဖြစ် မက္ကဆီကိုအစိုးရက ဝေဖန်ထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစစ်ဘက်တာဝန်ရှိသူများ ဟာဝိုင်ယီကျွန်း၌ တွေ့ဆုံဆွေးနွေး

**ဝါရှင်တန် ဇွန် ၆**



တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစစ်ဘက်တာဝန်ရှိသူများသည် ယခုရက်သတ္တပတ်အစောပိုင်းတွင် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ဇွန် ၅ ရက်တွင် အတည်ပြုပြောကြားထားသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် တရုတ်နှင့်အမေရိကန် စစ်ဘက်တာဝန်ရှိသူများသည် နှစ်နိုင်ငံလက်နက်ကိုင်တပ်များ ဘေးကင်းလုံခြုံစွာလှုပ်ရှားမှု ပြုလုပ်ရေးကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစစ်ဘက် တာဝန်ရှိသူများ၏ ဆွေးနွေးပွဲများကို ဟာဝိုင်ယီကျွန်း၌ ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ တရုတ်နှင့်အမေရိကန် နှစ်နိုင်ငံ စစ်ရေးဆွေးနွေးပွဲများသည် နှစ်နှစ်နီးပါးကာလအတွင်း တရုတ်နှင့် အမေရိကန်တို့ကြား ပထမဆုံး ကျင်းပနိုင်ခဲ့သည့် ဆွေးနွေးပွဲဖြစ်သည်။

အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌဟောင်း နန်စီပီလိုစီ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် တရုတ် (ထိုင်ပေ)သို့ သွားရောက်ခဲ့ပြီးနောက် တရုတ်အစိုးရက အမေရိကန်-တရုတ် နှစ်နိုင်ငံစစ်ဘက်ဆွေးနွေးပွဲများကို ရပ်ဆိုင်းခဲ့သည်။

သို့သော် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဆန်ဖရန်စစ္စကို၌ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် နှစ်နိုင်ငံစစ်ဘက်ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် တရုတ်နှင့် အမေရိကန်တို့က သဘောတူခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သော ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ဥက္ကာခဲသစ် ၃၇ ခု ပေါ်ထွက်လာပြီး အင်္ဂါဂြိုဟ်သို့ ဦးတည်ပျံသန်းနေ



**ရောမ မေ ၆**

ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းမှုနည်းပညာ စမ်းသပ်ချက်အစီအစဉ်အရ အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ DART အမည်ရှိ အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သော ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ဥက္ကာခဲသစ် ၃၇ ခု ပေါ်ထွက်လာပြီး အင်္ဂါဂြိုဟ်သို့ ဦးတည်ပျံသန်းနေကြောင်း မေ ၅ ရက် သတင်းများအရ သိရသည်။

အီတလီသိပ္ပံပညာရှင်များ၏ အဆိုအရ DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်မှာ လမ်းကြောင်းပြောင်းခဲ့သော်လည်း ဥက္ကာခဲသစ် ၃၇ စင်း ပဲ့ထွက်ခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ပေါ်ထွက်လာသည့်ဥက္ကာခဲများသည် အင်္ဂါဂြိုဟ်သို့ ဦးတည်ပျံသန်းလျက်ရှိကြောင်း အီတလီ သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ပေါ်ထွက်လာသည့် ဥက္ကာခဲများအနက် တစ်ခဲသော အင်္ဂါဂြိုဟ်ပေါ် ကျရောက်ခဲ့ပါက အချင်းမီတာ ၂၀၀ မှ ၃၀၀ ထိရှိနိုင်သော ဥက္ကာချိုင့်ဝှမ်းတစ်ခု ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ပြုလုပ်ခဲ့သော ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းမှု စမ်းသပ်ချက်တွင် DART အာကာသယာဉ်သည် တစ်နာရီလျှင် မိုင် ၁၄၀၀၀ အမြန်နှုန်းဖြင့် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ဒီဒီးမော့စ်အမည်ရှိ အရွယ်အစားပိုကြီးမားသော ဂြိုဟ်သိမ်ကို လှည့်ပတ်နေသော ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းကြာချိန် ၃၂ မိနစ်ပိုနည်းသွားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်မည်

**ဝါရှင်တန် မေ ၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို မေ ၇ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း မေ ၅ ရက်သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

မေ ၇ ရက် မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် နှစ်ရက်တာကာလအတွင်း ဒုတိယမြောက် အာကာသမစ်ရှင်ဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မေ ၅ ရက်က လည်း စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။




Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၃၃ ခု လွှတ်တင်ခဲ့ရာ သုံးပုံနှစ်ပုံမှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုမစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုကွန်ရက်ကို စတားလင့်ခ်ဂြိုဟ်တု အစင်း ၅၆၅၀ ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သက်တံပေါ်ထွက်မှုနှင့် အလားတူသောဖြစ်စဉ်တစ်မျိုးကို နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်တွင် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**လန်ဒန် မေ ၆**

သက်တံပေါ်ထွက်မှုနှင့်အလားတူသောဖြစ်စဉ်တစ်မျိုးကို နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်တွင် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားကြောင်း မေ ၅ ရက် သတင်းများအရ သိရသည်။

သက်တံပေါ်ထွက်မှုဖြစ်စဉ်ကို WASP-76b အမည်ရှိ ဂြိုဟ်တစ်စင်းပေါ်၌ ဗြိတိန်နိုင်ငံ ဝေါလ်ဝစ်ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

WASP-76b ဂြိုဟ်သည် ကြာသပတေးဂြိုဟ်နှင့် ပုံစံချင်းတူသည့် ဓာတ်ငွေ့ ဂြိုဟ်တစ်စင်းဖြစ်ပြီး ကမ္ဘာမြေနှင့်အလင်းနှစ် ၆၃၇ နှစ်အကွာတွင်တည်ရှိသည်။

သက်တံပေါ်ထွက်မှုဖြစ်စဉ်မျိုးကို နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များအနက် သောကြာဂြိုဟ်ပေါ်တွင်သာ သက်တံပေါ်ထွက်မှုဖြစ်စဉ်ကို သိပ္ပံပညာရှင်များက တွေ့မြင်ခဲ့ဖူးကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် CHEOPS အမည်ရှိ ဂြိုဟ်တုဖြင့် WASP-76b ဂြိုဟ်ကို သုံးနှစ်ကြာ လေ့လာခဲ့ပြီးနောက် အဆိုပါဂြိုဟ်ပေါ်မှ သက်တံပေါ်ထွက်မှုဖြစ်စဉ်ကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ACDC ရောဂါပြင်းထန်လာမှုကို Etidronate ဆေးဖြင့် လျှော့ချပေးနိုင်

**နယူးယောက် မေ ၆**

သွေးကြောများအတွင်း ကယ်လ်စီယမ်စုစည်းမှုရောဂါ (ACDC) ခေါ် ရောဂါတစ်မျိုးပြင်းထန်လာမှုကို Etidronate အမည်ရှိ ဆေးတစ်မျိုးဖြင့် လျှော့ချပေးနိုင်ကြောင်း မေ ၅ ရက် သတင်းများအရ သိရသည်။

ACDC ရောဂါသည် လူတစ်သန်းလျှင် တစ်ဦးခန့်သာဖြစ်ပွားတတ်သည့် ရှားပါးရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါခံစားရပါက ခြေလက်များဖြတ်တောက်ရသည့် အဆင့်ထိ ရောက်သွားတတ်သည်။

၎င်းရောဂါသည် မျိုးဗီဇကြောင့် ဖြစ်ပွားတတ်ပြီး ဆယ်ကျော်သက်နှင့် အသက် ၂၀ ပတ်လည်အရွယ်များ၌ ဖြစ်ပွားတတ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ Etidronate အမည်ရှိ ဆေးတစ်မျိုးသည် ACDC ရောဂါ ပြင်းထန်လာမှုကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ACDC ရောဂါလူနာများကို Etidronate ဆေးဖြင့် သုံးနှစ်ကြာ စမ်းသပ်ကုသခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သည့် ACDC လူနာများ၌ ကယ်လ်စီယမ်စုစည်းမှုကြောင့် သွေးကြောများပျက်စီးမှုကို လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Etidronate ဆေးသည် ခြေထောက် သွေးကြောများအတွင်း ကယ်လ်စီယမ် စုစည်းမှုအရှိန်ကို လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## လေ့ကျင့်ခန်းနေ့စဉ်ပြုလုပ်ခြင်းဖြင့် အိပ်မက်ဆိုးများမက်ချိန်ကို လျှော့ချပေးနိုင်

**နယူးယောက် မေ ၆**

လေ့ကျင့်ခန်းနေ့စဉ်ပြုလုပ်ခြင်းဖြင့် ညစဉ်ညတိုင်း အိပ်မက်ဆိုးများမက်ချိန်ပမာဏကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၅ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ တက္ကဆက် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့ပိုင်းကာလတွင် အနည်းဆုံး မိနစ် ၆၀ ထိ လေ့ကျင့်ခန်းပြုလုပ်ပေးပါက အိပ်မက်များမက်လေ့ရှိသော အိပ်စက်မှုအဆင့် (REM) ကြာမြင့်ချိန်ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အိပ်စက်ခြင်း၏ REM အဆင့်တွင် လူအများစုအနေဖြင့် အိပ်မက်ဆိုးများ မက်လေ့ရှိကြောင်း သိရသည်။

ပုံမှန် လေ့ကျင့်ခန်းပြုလုပ်မှု၊ ယောဂကျင့်ခြင်းနှင့် သမထထိုင်ခြင်းတို့သည် စိတ်ဖိအားကို လျှော့ချနိုင်ပြီး အိပ်စက်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက တင်ပြခဲ့ဖူးသည်။

ထို့ပြင် အထက်ဖော်ပြပါ လေ့ကျင့်ခန်းများသည် အိပ်မက်ဆိုးများမက်ချိန်ကိုလည်း လျှော့ချပေးနိုင်ကြောင်း စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

REM အိပ်စက်ချိန်အဆင့် ကြာမြင့်ချိန်ကို လျှော့ချနိုင်မည့် လေ့ကျင့်ခန်းများထဲတွင် ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းစသည့် လေ့ကျင့်ခန်းများ ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# ခြေပဝါးဒဏ်ရာရရှိနေသည့် ဂျက်ကော့ရမ်ဆေး ရာသီကုန်ထိ အနားယူရမည်ဟု အမ်မရီထုတ်ပြန်

**လန်ဒန် မေ ၆**

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် လူတန်အသင်းနှင့် အေဗီလာ အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ခြေဖဝါးဒဏ်ရာရရှိခဲ့သည့် ဂျက်ကော့ရမ်ဆေးသည် အဆိုပါဒဏ်ရာကြောင့် ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဖြစ်ကြောင်း နည်းပြ အမ်မရီက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ ကွင်းလယ် ကစားသမား ဂျက်ကော့ရမ်ဆေးသည် မတ် ၂ ရက်က ကစားခဲ့သည့် လူတန်အသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေဖဝါးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူပြီးနောက် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပူးပေါင်းခဲ့ရာ ယင်းဒဏ်ရာမှ နာကျင်မှုဝေဒနာ ထပ်မံ ဖြစ်ပေါ်ခဲ့သောကြောင့် ဘောလုံးရာသီအကုန်ထိ ပါဝင်ကစားနိုင်တော့မည်မဟုတ်ကြောင်း နည်းပြအမ်မရီက ပြောကြားခဲ့သည်။

ဂျက်ကော့ရမ်ဆေးသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာနှင့် ရုန်းကန်ခဲ့ရကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၁ ပွဲထိ ပါဝင်ကစားခဲ့ရပြီး ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုအခါ ခြေဖဝါးဒဏ်ရာကြောင့် လာမည့်ဇူလိုင်လတွင် ကစားရမည့် ယူ-၂၁ ယူရိုချန်ပီယံရှစ်ပြိုင်ပွဲကိုလည်း လွဲချော်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ အေဗီလာအသင်းတွင် ဂျက်ကော့ရမ်ဆေးအပါအဝင် ဘောလုံးရာသီကုန်ထိ အနားယူရမည့် ကစားသမားများမှာ ဒူးဒဏ်ရာရရှိနေသည့် ခံစစ်ကစားသမား တိုင်ရိုမင့်၊ ကွင်းလယ်ကစားသမား ကာမာရာနှင့် အရွတ်ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဘူအန်ဒီယာတို့အပါအဝင် ကစားသမား လေးဦးထိ ရှိလာခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




### ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) ရလဒ်

| | | | | | |
|---|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၄ | မန်စီးတီး | |
| အေဗီလာ | ၃ | - | ၃ | ဘရန့်ဖို့ဒ် | |
| အဲဗာတန် | ၁ | - | ၀ | ဘန်လေ | |
| ဖူလ်ဟမ် | ၀ | - | ၁ | နယူးကာဆယ် | |
| ဝုဗ် | ၁ | - | ၂ | ဝက်စ်ဟမ်း | (ဝ၄ဝ) |

### အားကစားသတင်းအတိုအထွာများ

- စပါးအသင်းအနေဖြင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်မရမည်ကို စိုးရိမ်နေမည်မဟုတ်ဘဲ ဘဏ္ဍာရေးအခက်အခဲကြောင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် လျှော့နည်းမည်ကိုသာ စိုးရိမ်နေကြောင်း နည်းပြပိုစတီကိုဂလူက ထုတ်ဖော်ပြောကြားခဲ့သည်။
- လာဇီယိုအသင်းနှင့် ကစားရမည့် ဒါဘီပွဲစဉ်တွင် ယခင်က မှတ်တမ်းဆိုးများကို ရိုးမားအသင်းအနေဖြင့် ချေဖျက်နိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြဒီရော့ဆီက ပြောကြားခဲ့ကြောင်း သိရသည်။
- ယူရို ၂၀၂၅ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်းနှင့် ဆွီဒင်အမျိုးသမီးအသင်းတို့ ဝင်ဘာလေကွင်းတွင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **ML**

# ပလိုင်းမောက်ကိုရှုံးနိမ့်ခဲ့မှုကြောင့် ရိုသာဟမ်အသင်း တန်းဆင်းခဲ့ရ




**လန်ဒန် မေ ၆**

အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရိုသာဟမ်အသင်းနှင့် ပလိုင်းမောက်အသင်းတို့တွေ့ဆုံခဲ့ရာ ပလိုင်းမောက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် တန်းမဆင်းရရေး ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ရိုသာဟမ်အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီ ငါးပွဲအလိုတွင် လိဂ်-၁ သို့ တန်းဆင်းခဲ့ရသည်။

ရိုသာဟမ်အသင်းသည် ယခုနှစ်အတွင်းကစားခဲ့သည့် ပြိုင်ပွဲများတွင် တစ်ပွဲသာအနိုင်ရခဲ့သဖြင့် ၄၁ ပွဲကစားအပြီးတွင် လေးပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၂၆ ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ရမှတ် ၂၃ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေကာ ယခုပွဲစဉ်တွင် ပလိုင်းမောက်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် လက်ကျန်ပွဲ ငါးပွဲကျန်ရှိချိန်တွင် အဆင့်(၁၉)မှ ရှက်ဖီးလ်(W) အသင်းနှင့် ရမှတ် ၁၆ မှတ်ထိ ကွာဟခဲ့သောကြောင့် ပြိုင်ပွဲမပြီးဆုံးမီ တန်းဆင်းခဲ့ရကြောင်း သိရသည်။

ရိုသာဟမ်အသင်းသည် သမိုင်းတစ်လျှောက်တွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင်သာ အများဆုံး ပါဝင်ကစားခွင့်ရခဲ့ပြီး တတိယတန်းလိဂ်-၁ သို့ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင်တစ်ကြိမ်၊ ၂၀၁၆-၂၀၁၇ တွင်တစ်ကြိမ်၊ ၂၀၁၈-၂၀၁၉ တွင်တစ်ကြိမ်၊ ၂၀၂၀-၂၀၂၁ တွင်တစ်ကြိမ် တန်းဆင်းခဲ့ရပြီး ယခုနှစ်အပါအဝင် ငါးကြိမ်ထိ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် ရိုသာဟမ်အသင်းသည် တန်းမဆင်းရရေးအတွက် အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း ပလိုင်းမောက်အသင်း၏ တိုက်စစ်ဆင်မှုကိုသာ ဆက်တိုက်ခံခဲ့ရပြီး ပွဲချိန် ၃၂ မိနစ်အရောက်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီးနောက် ရိုသာဟမ်အသင်းက ချေပဂိုးရရှိရေး လူစားလဲမှုများပြုလုပ်ခဲ့ရာ ဂိုးပေါက်တည့်မတ်မှုနှစ်ကြိမ်သာရှိခဲ့သောကြောင့် လက်ကျန်ပွဲချိန်များတွင် ဂိုးမရခဲ့ဘဲ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲမှ ပထမဆုံး တန်းဆင်းခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# အေစီမီလန်အသင်းက ဇက်ခ်ဇီးကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ဟုဆို

**မီလန် မေ ၆**

အေစီမီလန် အသင်းသည် ဘိုလော့ဂ်နာအသင်း တိုက်စစ်တွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူးဇက်ခ်ဇီးကို အသင်းမှထွက်ခွာမည့် တိုက်စစ်မှူးဂီရော့ဒ်၏နေရာတွင် အစားထိုးရန်ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ကစားသမားနှင့် ပုဂ္ဂိုလ်ရေး သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဇက်ခ်ဇီးသည် ယခုနှစ်ဘောလုံးရာသီ ဘိုလော့ဂ်နာအသင်းကို ဦးဆောင်၍ စီးရီးအေပြိုင်ပွဲ ၂၈ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ကလည်း ခေါ်ယူရန် ကြိုးပမ်းနေချိန်တွင် အေစီမီလန်အသင်းက လက်ဦးမှုရယူနိုင်ရန် ပစ်မှတ်ထားခဲ့ပြီး ကစားသမားနှင့် အကြိုသဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ဇက်ခ်ဇီးကို ထပ်မံကမ်းလှမ်းမှုပြုလုပ်ထားသော်လည်း အေစီမီလန်အသင်း တာဝန်ရှိသူများက မကြာမီ သဘောတူညီမှုရရှိနိုင်ရန် ကစားသမားနှင့် တွေ့ဆုံမှုများပြုလုပ်လျက်ရှိပြီး ဇက်ခ်ဇီးအနေဖြင့်လည်း ပွဲထွက်ခွင့်သေချာမည့် အေစီမီလန်အသင်းသို့သာ ပြောင်းရွှေ့ကစားနိုင်ဖွယ်ရှိနေသည်။

တိုက်စစ်မှူး ဇက်ခ်ဇီးသည် ဘိုလော့ဂ်နာအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာသဖြင့် လာမည့်နွေရာသီတွင် ရောင်းချသွားမည်ဖြစ်ပြီး ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ ထက် အလိုရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# WBA Continental လိုက်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲစဉ်အဖြစ် ဒန်နီရယ်လ်လာပင်နှင့် ပူဒီဗီသရာတို့ ထိုးသတ်မည်

**ရိယာဒ် မေ ၆**

WBA ၏ Continental လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲစဉ်အဖြစ် ယူကရိန်းလက်ဝှေ့သမား ဒန်နီရယ်လ်လာပင်နှင့် ပေါ်တူဂီလက်ဝှေ့သမား ပူဒီဗီသရာတို့ လာမည့် မေ ၁၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒန်နီရယ်လ်လာပင်နှင့် ပူဒီဗီသရာတို့ပွဲစဉ်သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် ယူကရိန်းလက်ဝှေ့သမား အလက်ဇန်းဒါးအူဆက်ခ်တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည့် ပွဲစဉ်၏ Undercard ပွဲစဉ်အနေဖြင့် ထိုးသတ်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ဒန်နီရယ်လ်လာပင်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ကိုးပွဲထိုးသတ်ထားသူဖြစ်ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သည်။

အသက် ၃၆ နှစ်အရွယ် ပူဒီဗီသရာသည်လည်း ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ကိုးပွဲထိုးသတ်ခဲ့ပြီး ရှုံးပွဲ တစ်ပွဲသာရှိသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ဒန်နီရယ်လ်လာပင်က "အလက်ဇန်းဒါးရဲ့စိန်ခေါ်ပွဲမှာ Under-card အနေနဲ့ ထိုးသတ်ခွင့်ရမှာကို ဝမ်းသာဂုဏ်ယူပါတယ်။ အလက်ဇန်းဒါးဟာ ယူကရိန်းလက်ဝှေ့လောကရဲ့ သူရဲကောင်းတစ်ဦးဖြစ်သလို ယူကရိန်းလက်ဝှေ့သမားအားလုံးရဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်လဲဖြစ်ပါတယ်။ ကမ္ဘာ့လက်ဝှေ့လောကမှာလဲ ပြိုင်ဘက်ကင်းချန်ပီယံတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော် လေးစားအားကျရတဲ့ လက်ဝှေ့သမားတစ်ယောက်ရဲ့ စိန်ခေါ်ပွဲမှာ Undercard အနေနဲ့ ယှဉ်ပြိုင်ထိုးသတ်ခွင့်ရမဲ့ ပွဲစဉ်ဟာလဲ ချန်ပီယံစိန်ခေါ်ပွဲဖြစ်တဲ့အတွက် ပိုပြီးတော့ ဂုဏ်ယူစရာကောင်းပါတယ်။ ပူဒီဗီသရာဟာ အတွေ့အကြုံ




ရင့်ကျက်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်သလို ကျွန်တော့်အတွက်ခက်ခဲမဲ့ ပြိုင်ဘက်တစ်ယောက်ဆိုတာ နားလည်ပါတယ်။ ကျွန်တော့်ဘက်ကတော့ အကောင်းဆုံးပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာဖူဆယ်အသင်းက ကူဝိတ်အသင်းကို အနိုင်ရရှိ



**ရန်ကုန် ဧပြီ ၆**

AFC Futsal Asian Cup 2024 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယနေ့တွင် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ကူဝိတ်အသင်းနှင့် ကစားခဲ့ရာ လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် နိုင်ငံတကာခြေစမ်းပွဲစဉ်များကစားရန်အတွက် ပြိုင်ပွဲမတိုင်မီကတည်းက ထိုင်းနိုင်ငံတွင် ရောက်ရှိနေခြင်းဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲစဉ်များကို ဆက်တိုက်ကစားနေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် ကူဝိတ်အသင်းတို့ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းအတွက် သွင်းဂိုးများကို မိုင်းစိုးမြတ်သွေး၊ မျိုးသက်ကျော်၊ လှိုင်မင်းထွန်းနှင့် မျိုးမြင့်စိုးတို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အနေဖြင့် နောက်ဆုံးခြေစမ်းပွဲစဉ်အဖြစ် ဧပြီ ၁၀ ရက်တွင် ကာဂျစ်စတန်အသင်းနှင့် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဧပြီ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ပြန်လည်ကျင်းပခဲ့ကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C) အုပ်စုပွဲစဉ်များအဖြစ် ညနေ ၄ နာရီက ရန်ကုန်မြို့ University အားကစားကွင်းတွင် ကစားခဲ့သည့်ပွဲစဉ်၌ ဒဂုံပေါ် အသင်းနှင့် ရောဝတီယူနိုက်တက် အသင်းတို့ပွဲစဉ်၌ ရောဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီက သုဝဏ္ဏ အားကစားကွင်းတွင်ကစားခဲ့သည့် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ပွဲစဉ်တွင် ဒဂုံစတား အသင်းက လေးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ အုပ်စု(D) အုပ်စုပွဲစဉ်များအဖြစ် ညနေ ၃နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင်ကစားခဲ့သည့် သစ္စာအားမာန်အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီက YUSCအားကစားကွင်းတွင် ကစားခဲ့သည့် မြဝတီ အက်ဖ်စီအသင်းနှင့် ISEP အသင်းတို့ပွဲစဉ်တွင် ISPE အသင်းက လေးဂိုးတစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ **STA**

# T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ ၅၄ ကျင်းအပြီး အမှတ်ပေးဇယားကို လီယွန်နာမက်ဂွဲယားဦးဆောင်

**လက်စ်ဗီးဂတ် ဧပြီ ၆**

အမေရိကန်နိုင်ငံ နီဗားဒါး ပြည်နယ် လက်စ်ဗီးဂတ်မြို့တွင် ကျင်းပနေသည့် T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ ၅၄ ကျင်းကစားအပြီးတွင် အမှတ်ပေးဇယား၏ အဆင့်(၈)အတွင်း ရပ်တည်နိုင်ခဲ့သည့် ပြိုင်ပွဲဝင်များကို ပွဲစဉ်ဇယားမဲခွဲမှုပြုလုပ်ခဲ့သည်။

အိုင်ယာလန် ဂေါက်သီးရိုက်မယ် လီယွန်နာမက်ဂွဲယားက ၅၄ ကျင်းအပြီးတွင် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့ပြီး ဂျပန်ဂေါက်သီးရိုက်မယ် မီနာမီနှင့် အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ရို့စ်ကျန်၊ အိန်ဂျယ်ယင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်စီယန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်၍ T5 နေရာ၌လည်းကောင်း၊ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် နယ်လီကော့ဒါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်၍ T6 နေရာ၌လည်းကောင်း၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် နာရင်အန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်အတိုင်း ဝင်အောင်ရိုက်နိုင်ပြီး T7 နေရာတို့တွင်လည်းကောင်း အသီးသီး ရပ်တည်နိုင်ခဲ့သည်။

T8 နေရာအထိ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရမည်ဖြစ်ပြီး T8 နေရာတွင် ထိုင်းဂေါက်သီးရိုက်မယ် ဂျူတာနူဂန်၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ရှဟဲရန်၊ ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်နှင့် ဂျပန်ဂေါက်သီးရိုက်မယ် ယူကာဆာဆိုတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီပိုရိုက်ကာ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ကစားသမား ရှစ်ဦးသာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့် ရမည်ဖြစ်သည့်အတွက် T8 နေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည့် ပြိုင်ပွဲဝင်လေးဦးတို့ Play-off အဆင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဂျူတာနူဂန်က အနိုင်ရရှိသွားခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် လီယွန်နာမက်ဂွဲယားက ဂျူတာနူဂန်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ရို့စ်ကျန်ကကင်စီယန်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မီနာမီကနာရန်အန်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး နယ်လီကော့ဒါက အိန်ဂျယ်ယင်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref: RT**
**Trs: AZL**

# ဖီဖာကထုတ်ပြန်သည့် ဧပြီလ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် ၁၆၃ နေရာ၌ရပ်တည်



**ရန်ကုန် ဧပြီ ၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဧပြီလအတွက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့အဆင့်တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် (၁၆၃)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် မတ်လအတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာ ဆီးရီးယားအသင်းနှင့် ပထမအကျော့ အိမ်ကွင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယအကျော့ အဝေးကွင်းတွင် ခုနစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်သည့် ဧပြီလအတွက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် အပြောင်းအလဲများရှိခဲ့ပြီး ထိုင်းအသင်းက ကမ္ဘာ့အဆင့်သတ်မှတ်ချက် အပြောင်းအလဲမရှိခဲ့ဘဲ ကမ္ဘာ့အဆင့် (၁၀၁)ဖြင့် အာဆီယံအဆင့်(၁)နေရာ တက်ရောက်လာခဲ့ပြီး ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် ၁၀ ဆင့်ထိ ကျဆင်းခဲ့ရသည့်အတွက် ကမ္ဘာ့အဆင့် (၁၁၅)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့် (၁၃၄)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့် (၁၃၈)ဖြင့် အာဆီယံအဆင့်(၄)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၁၄၁)ဖြင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၅၅)ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့်(၁၆၃)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့် (၁၇၉)ဖြင့် အာဆီယံအဆင့်(၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့် (၁၉၀)ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၉၄)ဖြင့် အာဆီယံအဆင့်(၁၀)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၉၈)ဖြင့် အာဆီယံအဆင့်(၁၁)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြကြောင်း သိရသည်။ **STA**

# Charleston Open ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပီဂူလာနှင့် ကောလင်းတို့တက်ရောက်

**ချာလီစတန် ဧပြီ ၆**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင်ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ကောလင်းတို့သည် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂူလာသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပီဂူလာက (၆-၄၊ ၃-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ပီဂူလာနှင့် အဇာရင်ခါတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် တစ်ပွဲစီအနိုင်ရခဲ့ကြပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပီဂူလာက tie-break တွင် အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်တင်းနစ်မယ်တစ်ဦးပင်ဖြစ်သည့် ကောလင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကောလင်းက (၆-၄၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ ကောလင်းအနေဖြင့် မာတန့်အား ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကောလင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဂရိတင်းနစ်မယ် ဆက်ကာရီနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ပီဂူလာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

ပီဂူလာက "ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က တော်တော်လေးကောင်းခဲ့ပါတယ်။ ကြံ့ခိုင်မှုပြည့်ဝနေရင်တော့ လိုချင်သလို ပုံဖော်ကစားနိုင်တဲ့ အားသာချက်ရှိတယ်။ အားသာချက်ရှိနေတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အခုလိုရလဒ်တစ်ခုရအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်လုပွဲကိုတက်ရောက်နိုင်ဖို့က ပွဲတစ်ပွဲကစားဖို့ကျန်တော့တယ်။ ဗိုလ်လုပွဲအဆင့်ကိုတက်ရောက်နိုင်မယ်လို့ ယုံကြည်ချက်အပြည့်အဝရှိနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: RT**
**Trs: AZL**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဟိုဒန်ဟိမ်း | ၃ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ကိုလုံး | ၂ | - | ၁ | ဘိုချမ် |
| ဖရိုင်းဘတ် | ၁ | - | ၄ | လိုက်ပ်ဇစ် |
| မိန့်ဇ် | ၄ | - | ၀ | ဒမ်စတက် |
| ယူနီယံဘာလင် | ၀ | - | ၁ | လေဗာကူဆင် |

(၀၄၀)

# ကမ္ဘာလုံးဆိုင်ရာတင်းမာမှုကိုဖြစ်ပေါ်စေသော အမေရိကန်၏ ဆောင်ရွက်မှုများ

အမေရိကန်နိုင်ငံရေး လေ့လာသူများသည် ၂၀၂၄ ခုနှစ် အမေရိကန်ရွေးကောက်ပွဲ၌ ဒေါ်နယ် ထရန့် သမ္မတအဖြစ် ရွေးကောက်ခံရမှုအလားအလာနှင့်စပ်လျဉ်း၍ စိတ်ကသိကအောက်ဖြစ်လျက်ရှိသည်။ အမေရိကန်သည် ဒီမိုကရေစီကျရှုံးမှု အမှတ်လက္ခဏာကို ပြသနေပြီဖြစ်သည်။ အမေရိကန်အစိုးရနှင့်နိုင်ငံရေးစနစ်သည် အဂတိလိုက်စားမှုများကြောင့် အလုပ်မဖြစ်တော့ဘဲ ကပ်ဆိုက်နေပြီဖြစ်သည်။

အမေရိကန် သမ္မတရွေးကောက်ပွဲ၌ ထရန့် အောင်မြင်မှုရရှိခြင်းသည် ဖက်ဆစ်အာဏာရှင်စနစ်သို့ ထပ်မံကျဆင်းရလိမ့်မည်ဆိုသော စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ထရန့်၏ ဒုတိယအကြိမ်မြောက် သမ္မတသက်တမ်းသည် အမေရိကန်တို့၏ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းပင် အဖျက်အမှောင့်လုပ်သည်ထက် အခြားသောနိုင်ငံခြားရေးမူဝါဒအသစ်ကို အကောင်အထည်ဖော်သွားမည်မဟုတ်ချေ။ ၂၁ ရာစု စတင်ကတည်းကပင် အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာစင်မြင့်၌ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများ ဖန်တီးလျက်ရှိသည်။

၂၀၀၁ ခုနှစ်တွင် ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုကို တုံ့ပြန်ရာ၌ အမေရိကန်သည် အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲခဲ့သည်။ အမေရိကန်သည် အာဖဂန်နစ္စတန်ကို ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်ကို တရားမဝင်ကျူးကျော်သိမ်းပိုက်ခဲ့သည်။ အဆိုပါလုပ်ရပ်များကြောင့် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ပြည်သူ ၄ ဒသမ ၆ သန်းသေဆုံးခဲ့သည့်အပြင် အရှေ့အလယ်ပိုင်းဒေသတွင် မတည်ငြိမ်မှုများဖြစ်ပေါ်လာခဲ့ပြီး ရွှေ့ပြောင်းဒုက္ခသည်များစွာ ဖြစ်ပေါ်လာခဲ့သည်။

၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမေရိကန်စီးပွားရေးဆိုင်ရာ ထိန်းညှိမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အခြေအနေဆိုးကြီး ဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အမေရိကန်နှင့် NATO အဖွဲ့တို့သည် လစ်ဗျားနိုင်ငံတွင် ဝင်ရောက်စွက်ဖက်ခဲ့သဖြင့် တိုင်းပြည်ပြိုကွဲသွားခဲ့သည်။ အကျိုးဆက်အနေဖြင့် မြောက်အာဖရိကဒေသ မတည်ငြိမ်မှုဖြစ်လာပြီး ဒုက္ခသည်ဦးရေပိုမိုများပြားလာခဲ့သည်။

ရုရှားနိုင်ငံသည် NATO အဖွဲ့ကို အရှေ့ဘက်သို့ ထပ်မံမတိုးချဲ့ရန် ဆယ်စုနှစ်များစွာကြာ သတိပေးခဲ့သော်လည်း အမေရိကန်သည် NATO အဖွဲ့ဝင်တိုးချဲ့ခြင်းအားဖြင့် ဥရောပတွင် ၎င်း၏လွှမ်းမိုးမှုတိုးချဲ့ရန်ကြိုးပမ်းခဲ့သည်။ ထိုသို့ တိုးချဲ့ရန်ကြိုးပမ်းခဲ့သောကြောင့် ၂၀၁၄ ခုနှစ်တွင် ရုရှား-ယူကရိန်း ပဋိပက္ခစတင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံကို အထူးစစ်ဆင်ရေး ဆင်နွှဲခဲ့ရတော့သည်။ လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံသည် ကျရှုံးလုနီးနီးဖြစ်နေပြီး နယ်မြေပြိုကွဲတော့မည့်အခြေအနေဆိုက်လာပြီဖြစ်သည့်အပြင် အမေရိကန်ကွန်ဂရက်ကလည်း ယူကရိန်းပဋိပက္ခကို လက်လျှော့သွားလို့ဖွယ်ရာရှိနေသည်။

**ကမ္ဘာလုံးဆိုင်ရာတင်းမာမှုများ ဖန်တီးခြင်း**

အမေရိကန်သည် တရုတ်(တိုင်ပေ)နှင့်တရားဝင်ဆက်ဆံရေးထူထောင်ခြင်း သို့မဟုတ် မဟာမိတ်ဖွဲ့ခြင်းတို့ကို ရှောင်ကြဉ်သွားမည်ဆိုသော ထိုင်ဝမ်ဆက်ဆံရေးအက်ဥပဒေ (၁၉၇၉) ၌ ပါရှိသော ကတိကဝတ်များကို ချိုးဖောက်လျက် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာလာအောင် ရန်စလျက်ရှိသည်။ အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်တွင်လည်း ပဋိပက္ခဖြစ်ပွားရန် တွန်းအားပေးနေသည်ဟု စွပ်စွဲခံရလျက်ရှိသည်။ အကြောင်းမှုကား အမေရိကန်သည် စစ်အခြေစိုက်စခန်းရာပေါင်းများစွာဖြင့် တရုတ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့လျက်ရှိသည်။

ဂါဇာဒေသကို အစ္စရေး၏ ထိုးစစ်ဆင်နွှဲမှုသည် ဆယ်စုနှစ်များစွာကြာ တလွဲလမ်းညွှန်လျက်ရှိသော အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒ အဆုံးသတ်မှုတစ်စိတ်တစ်ဒေသလည်းဖြစ်သည်။ အစ္စရေးနိုင်ငံအပေါ် အမေရိကန်၏ခြွင်းချက်မရှိ ပံ့ပိုးကူညီမှုသည် လူ့အခွင့်အရေးအဖွဲ့များ ပြောဆိုလျက်ရှိသည် နိုင်ငံရေးနှင့်လူမျိုးရေးဆိုင်ရာ ခွဲခြားဖိနှိပ်မှုများ လုပ်ဆောင်ရာ၌ အထောက်အကူဖြစ်စေလျက်ရှိသည်။ အကြောင်းမှုကား အစ္စရေးနိုင်ငံသည် ပါလက်စတိုင်းမြေပေါ်၌ တရားမဝင်လူနေအိမ်ရာများ တည်ဆောက်လျက်ရှိပြီး ပါလက်စတိုင်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ်တွင်လည်း အပြင်းအထန်ဖိနှိပ်လျက်ရှိသည်။

အစ္စရေးနိုင်ငံသည် ဂါဇာဒေသရှိ ကလေးငယ် ၅၀ ရာခိုင်နှုန်းခန့်ရှိသော ပြည်သူ ၂ ဒသမ ၃ သန်းအပေါ် အစာရေစာဖြတ်တောက်မှုကို လက်နက်သဖွယ်အသုံးချလျက်ရှိကြောင်း စွပ်စွဲပြောဆိုခံနေရသည့် အချိန်တွင် အမေရိကန်သည် အစ္စရေး၏ စစ်ရာဇဝတ်မှုကျူးလွန်နေခြင်းအပေါ် အပြည့်အဝ ပါဝင်ပတ်သက်လျက်ရှိသည့်အပြင် အရေးပါသောဒေသတွင် ပြဿနာကြီးထွားလာအောင်လည်း မီးလောင်ရာလေပင့်လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်နိုင်ငံရေး ပြိုင်ဘက်များကြားတွင်မူ အစ္စရေးနိုင်ငံသည် မဟာဗျူဟာမြောက် တန်ဖိုးကြီးမားလျက်ရှိပြီး အစ္စရေးနိုင်ငံကို ကူညီပံ့ပိုးနေခြင်းသည် စိတ်ဓာတ်ရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ထို့ပြင် ပြည်တွင်းနိုင်ငံရေးဖိအားများကြောင့်လည်း ကူညီပံ့ပိုးနေရခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းနိုင်ငံရေးဆိုင်ရာ အကြောင်းတရားများကြောင့် အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအပေါ် တင်းမာမှုကိုဖြစ်စေလျက်ရှိသည့်အပြင် ရက်စက်ကြမ်းကြုတ်မှုတို့ကိုလည်း ထောက်ခံအားပေးလျက်ရှိသည်။

❖ ဘိုင်ဒင်အစိုးရအဖွဲ့သည် ထရန့်ထံမှ ဆက်ခံထားသော နိုင်ငံခြားရေးမူဝါဒများစွာကို ဆက်လက်စွဲကိုင်ကျင့်သုံးလျက်ရှိသည်။ ဂျိုးဘိုင်ဒင်သည် တရုတ်နိုင်ငံအပေါ် ဆန့်ကျင်သည့်ထရန့်၏ စီးပွားရေး၊ နည်းပညာနှင့် နိုင်ငံရေးဆိုင်ရာစစ်ပွဲကို ဖြတ်တောက်လျှော့ချခဲ့သည်။ သို့သော် ဂျိုးဘိုင်ဒင်သည် ဒေါ်နယ်ထရန့်၏ကိုယ်ကျိုးစီးပွားကာကွယ်သည့်ဝါဒကို ထပ်လောင်းအားသစ်လောင်းခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို မလုပ်နိုင်မကိုင်နိုင်ဖြစ်အောင် ထိန်းချုပ်ထားခဲ့သည်။❖

**နိုင်ငံခြားရေးမူဝါဒတွင် ထရန့်နှင့်တူညီသောဘိုင်ဒင်**

ဘိုင်ဒင်အစိုးရအဖွဲ့သည် ထရန့်ထံမှ ဆက်ခံထားသော နိုင်ငံခြားရေးမူဝါဒများစွာကို ဆက်လက်စွဲကိုင်ကျင့်သုံးလျက်ရှိသည်။ ဂျိုးဘိုင်ဒင်သည် တရုတ်နိုင်ငံအပေါ် ဆန့်ကျင်သည့်ထရန့်၏ စီးပွားရေး၊ နည်းပညာနှင့် နိုင်ငံရေးဆိုင်ရာစစ်ပွဲကို ဖြတ်တောက်လျှော့ချခဲ့သည်။ သို့သော် ဂျိုးဘိုင်ဒင်သည် ဒေါ်နယ်ထရန့်၏ ကိုယ်ကျိုးစီးပွားကာကွယ်သည့်ဝါဒကို ထပ်လောင်းအားသစ်လောင်းခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို မလုပ်နိုင်မကိုင်နိုင်ဖြစ်အောင် ထိန်းချုပ်ထားခဲ့သည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ပါလက်စတိုင်းပြဿနာကို ဖြေရှင်းခြင်းမရှိဘဲ အာရပ်နိုင်ငံများကို အစ္စရေးနှင့်ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရန် စည်းရုံးသည့် ဒေါ်နယ်ထရန့်၏ Abraham Accords ကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ဆော်ဒီအာရေဗျနှင့်အစ္စရေးတို့ကြား ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ရေး တွန်းအားပေးရန် ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ ကြိုးပမ်းမှုများကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးအပေါ် ဟားမတ်စ်တို့၏ တိုက်ခိုက်ရန်အရင်းခံ အကြောင်းတရား၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟုယူဆရမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းဖြစ်စဉ်များသည် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုတွင် အမေရိကန်အပေါ် ယုံကြည်မှုဆုတ်ယုတ်လာစေခဲ့သည်။ ဂျိုးဘိုင်ဒင်နှင့် ဒေါ်နယ်ထရန့်တို့ နှစ်ဦးစလုံးတွင် အမေရိကန်က ကမ္ဘာကြီးကို ထာဝရ လွှမ်းမိုးချုပ်ကိုင်ထားရေးဆိုသည့် တူညီသောရည်မှန်းချက်ရှိနေကြသည်။ ၎င်းတို့အနေဖြင့် အဆိုပါရည်မှန်းချက်ကို မည်သို့မည်ပုံအောင်မြင်အောင်ဆောင်ရွက်သွားမည်ဆိုသည့် လုပ်နည်းကိုင်နည်းသာလျှင် ကွဲပြားလျက်ရှိသည်။

ဒေါ်နယ်ထရန့်က အမေရိကန်အနေဖြင့် ၎င်းဆန္ဒကို ခေါင်းညိတ်လိုက်လျောရေးအတွက် ကမ္ဘာကြီးကို အကျပ်ကိုင်ဖိအားပေးနိုင်သည့် စီးပွားရေးနှင့်စစ်ရေးစွမ်းအားတို့ကို အသုံးချနိုင်သည်ဟု ယုံကြည်ထားရှိသည်။ ထိုသို့ လုပ်ဆောင်ရာတွင်အမေရိကန်အနေဖြင့် အခြားသူ၏ပေးဆပ်ရမှုများကို ထည့်တွက်ခြင်းမရှိသလို အခြားသူများအပေါ် တာဝန်ယူမှုတစ်စုံတစ်ရာမျှလည်း ရှိမည်မဟုတ်ချေ။

ဒေါ်နယ်ထရန့်သည် သမ္မတတာဝန်ထမ်းဆောင်စဉ် စစ်ဆန့်ကျင်သူအဖြစ် ရပ်တည်ရန်ကြိုးပမ်းခဲ့သည်။ သို့သော် အကြမ်းဖက်မှုနှင့်ခြိမ်းခြောက်မှုကို အသုံးပြုလိုသည့် ၎င်း၏အကျင့်သည် အမေရိကန်အပြုအမူကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ဂျိုးဘိုင်ဒင်သည် နိုင်ငံတကာအင်စတီကျူးရှင်းများကို ထိန်းချုပ်ရန်နှင့် အမေရိကန်လွှမ်းမိုးမှုကို လက်ခံပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့် အကျိုးစီးပွားဖြစ်ထွန်းကြောင်းဖြင့် အဓိကကျသောနိုင်ငံများကို စည်းရုံးသိမ်းသွင်းဆောင်ရွက်သည့် သံခင်းတမန်ခင်း မဟာဗျူဟာကိုလိုက်ပါဆောင်ရွက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဂျိုးဘိုင်ဒင်သည် စီးပွားရေးနှင့်စစ်ရေးဆိုင်ရာ ဖိအားပေးမှုများကို လုပ်ဆောင်လာခဲ့သည်။

ဒေါ်နယ်ထရန့်၏ သမ္မတသက်တမ်းကာလတွင် အမေရိကန်မဟာမိတ်များကို လက်တွေ့ကျကျ ရင်ဆိုင်သွားရန် ဖိအားပေးခဲ့ဖွယ်ရာရှိနေသည်။ အမေရိကန်မဟာမိတ်များက ဂျိုးဘိုင်ဒင်၏ သမ္မတသက်တမ်းကာလတွင် ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိမည်ဟု ယုံကြည်ယူဆထားသော်လည်း ၎င်းတို့အနေဖြင့် အမေရိကန်၏ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုကို လက်ခံပြီး ပံ့ပိုးကူညီနေဆဲပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အမေရိကန်၏ နိုင်ငံရေးစနစ်ယိုယွင်းပျက်စီးလာမှုကိုလည်း လျစ်လျူရှုထားကြသည်။

အမှန်တော့ ဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံရေးစနစ်ကို ပုံမှန်အတိုင်းလည်ပတ်သွားလိုသော သဘောထားဆန္ဒမရှိပေ။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲ၌ ထရန့်ရှုံးနိမ့်ခဲ့သည့်တိုင်အောင် ရီပတ်ဘလစ်ကန်ပါတီသည် ဖက်ဆစ်ဝါဒဆက်လက်သွတ်သွင်းသွားလိမ့်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံရေးသည်အဆိပ်အတောက်များ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ဒေါ်နယ်ထရန့်၏ ဒုတိယမြောက် သမ္မတသက်တမ်းသည် အမေရိကန်၏ မဟာမိတ်များကို အမေရိကန်အနေဖြင့် ယုံကြည်စိတ်ချရမှုမရှိကြောင်းနှင့် ရှေ့နောက်ညီညွတ်မှုမရှိကြောင်းကို အခိုင်အမာသိရှိလာစေမည်ဖြစ်သည်။ ဒေါ်နယ်ထရန့်အနိုင်ရရှိမည်ဆိုလျှင် ကမ္ဘာကြီးကို ဂုဏ်ယူဝံ့ကြွားစွာဖြင့် လွှမ်းမိုးချုပ်ကိုင်ဖျက်ဆီးနေသော အနောက်တိုင်းညွန့်ပေါင်းအဖွဲ့ကို အင်အားချည့်နဲ့လာစေမည်ဖြစ်သည်။ ဒေါ်နယ်ထရန့် အာဏာပြန်လည်ရရှိ လာမည်ဆိုလျှင် အမေရိကန်၏အစဉ်အလာ မဟာမိတ်များအနေဖြင့် ၎င်းတို့၏အကျိုးစီးပွားသည် အမေရိကန်နှင့်ဆက်ဆံရေးအပေါ် တည်မှီနေမည်ဟု သိရှိသဘောပေါက်လာဖွယ်ရာရှိသည်။

အမေရိကန်၏ အိမ်နီးချင်းများဖြစ်သည့် ကနေဒါနှင့်မက္ကဆီကိုတို့အတွက်မူ ဒေါ်နယ်ထရန့်၏သမ္မတသက်တမ်းသည် ဆိုးရွားသောသတင်းပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အမေရိကန်၏ဖက်ဆစ်ဝါဒလွှမ်းမိုးလာမှုမှ အတိုင်းအတာတစ်ခုထိ ကာကွယ်သွားရမည်ဖြစ်သည်။ ကမ္ဘာ့အခြားနေရာများ၌မူ နိုင်ငံပေါင်းစုံအခင်းအကျင်းစတင်မှုကို ထုတ်ပြန်ကြေညာသွားနိုင်ဖွယ်ရာ ရှိနေသည်။

**ကိုးကား**

- **Trump or Biden, US foreign policy endangers the world By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊

ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ပိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် Three Apples Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ




**ရန်ကုန် ဧပြီ ၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Three Apples Art Exhibition ပန်းချီပြပွဲကို ယနေ့မှစ၍ ပြသလျက်ရှိကြောင်း အဆိုပါ Artistic Space Art Gallery ပြခန်းတာဝန်ခံ ဦးဥက္ကာက ပြောပြ၍ သိရသည်။

Three Apples Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်သည့် ပန်းချီခင်မောင်ရင်၊ မောင်ဒီ၊ မုတ်သုတ်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၃၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီပြခန်းက စုဆောင်းထားတဲ့ ပန်းချီဆရာကြီးသုံးယောက်ရဲ့ ပန်းချီကားတွေကို ပန်းချီချစ်သူတွေ၊ ပန်းချီကားစုဆောင်းသူတွေကို ပြသရောင်းချပေးမှာဖြစ်ပါတယ်။ အထင်ကရပန်းချီဆရာကြီးသုံးယောက်ရဲ့ တွေးချက်၊ ရေးချက်၊ ပြချက်တွေကို အရွယ်အစားပေါင်းစုံနဲ့ မြင်ရမှာဖြစ်ပါတယ်။ ပန်းချီပြပွဲကိုတော့ ဒီနေ့ကနေပြီးတော့ ဧပြီ ၁၀ ရက်ထိ နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသပေးမှာဖြစ်ပါတယ်"ဟု Artistic Space Art Gallery ပြခန်းတာဝန်ခံ ဦးဥက္ကာက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသနေသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၃၅ သိန်းထိရှိကြောင်း သိရသည်။

ASH

## Karate Kid ဇာတ်ကားသစ်၌ အရာမစ်နိုက်နှင့် ဝပ်အိုလက်တို့ ပါဝင်မည်

**နယူးယောက် ဧပြီ ၆**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Karate Kid ဇာတ်ကားသစ်၌ မင်းသား အရာမစ်နိုက်နှင့် ဝပ်အိုလက်တို့လည်း ထပ်မံပါဝင်မည်ဖြစ်ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Karate Kid ဇာတ်ကား၌ အရာမစ်နိုက်နှင့် ဝပ်အိုလက်တို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးကြောင်း သိရသည်။

Karate Kid ဇာတ်ကားသစ်တွင် မူလ Karate Kid ဇာတ်ကားများမှ မင်းသားရက်မက်ချီယိုနှင့် ဂျက်ကီချန်းတို့ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

Karate Kid ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်အန်ဝပ်စတယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Karate Kid ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရော့လီဘာက တာဝန်ယူရေးသားပေးထားသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




## တန်ခူးတူးယူ ဇာတ်လမ်းတွဲကို HEY Play Application၊ HEY Play YouTube Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဧပြီ ၆**

တန်ခူးတူးယူ ဇာတ်လမ်းတွဲကို ဧပြီ ၁၁ ရက်တွင် HEY Play Application၊ HEY Play You-Tube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြ၍ သိရသည်။

တန်ခူးတူးယူ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဉ္ဇာကျော်၊ မောင်ပြုံး၊ ပန်းဆုပြည့်ထင်၊ ထဆင်ထူးတို့က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် HEY Play Application ၏ မူပိုင်ဇာတ်လမ်းတွဲလည်းဖြစ်ကာ HEY Play Application၊ HEY Play You Tube Channel တို့မှ ဧပြီ ၁၁ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း




သိရသည်။

"သင်္ကြန်နောက်ခံ လူငယ်အချစ် ဇာတ်မြူးလေးပါ။ Mini Series ဖြစ်တဲ့အတွက် အပိုင်းနည်းနည်းပဲပါပါတယ်။ သင်္ကြန်ကာလအတွင်းမှာပဲ ဇာတ်သိမ်းမှာပါ။ သင်္ကြန်ရဲ့အနှစ်သာရနဲ့ အချစ်၊ အလွမ်း၊ ဟာသလေးတွေ မြင်ရမှာပါ" ဟု သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြသည်။

တန်ခူးတူယူ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချာလီ၊ ဘုန်းမင်းနေလ၊ နေ့သစ်အေးအောင်၊ ဝိုင်အုပ်စိုးအောင်၊ လီလီကျော်ခိုင်၊ နှင်းအိဝင့်ဝါ၊ ဆုမြတ်နိုးဇင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## မစ္စ်Claus ဇာတ်ကားတွင် မင်းသမီး ဂျင်နီဖာဂါနာ သရုပ်ဆောင်မည်

**နယူးယောက် ဧပြီ ၆**

Netflix ၏ Mrs. Claus အမည်ရှိ အားလပ်ရာသီဟာသဇာတ်ကားသစ်တွင် မင်းသမီး ဂျင်နီဖာဂါနာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဂျင်နီဖာဂါနာအနေဖြင့် Mrs. Claus ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် Netflix ကုမ္ပဏီနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

ဂျင်နီဖာဂါနာသည် ယခင်ကလည်း Netflix ၏ Yes Day နှင့် The Adam Project ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် Mrs. Claus ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လက်မက်ကင်းဒစ်က တာဝန်ယူရေးသားနေကြောင်း သိရသည်။

Mrs. Claus ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် မင်းသမီး ရီဆီဝစ်သာစပွန်းက တာဝန်ယူထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Mrs. Claus ဇာတ်ကား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာနှင့် စတင်ရုံတင်မည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## အဆိုတော် ယွန်းမြတ်သူ၏ သင်္ကြန်ရေစိုတဲ့တယ်လီဖုန်း သီချင်း Music Video ထွက်ရှိမည်




**ရန်ကုန် ဧပြီ ၆**

အဆိုတော် ယွန်းမြတ်သူ သီဆိုထားသည့် သင်္ကြန်ရေစိုတဲ့ တယ်လီဖုန်းသီချင်း Music Video(MV) ဧပြီ ၁၃ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သင်္ကြန်ရေစိုတဲ့တယ်လီဖုန်း တေးသီချင်းကို တေးရေး မြင့်မိုးအောင်က ရေးသားထားပြီး ဒါရိုက်တာ Kina Alpha က သီချင်း Music Video(MV)ကို ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဆရာမြင့်မိုးအောင် ရေးစပ်ပေးထားတဲ့ သင်္ကြန်သီချင်းတစ်ပုဒ်ပါ။ ယွန်းမြတ်သူကို ပရိသတ်က အသည်းကွဲသီချင်းတွေပဲ ဆိုနေတယ်လို့ပြောကြလို့ သင်္ကြန်သီချင်း မြူးမြူးလေးနဲ့ တစ်မျိုးတစ်မည်ဖြစ်သွားအောင် တင်ဆက်ပေးမှာဖြစ်ပါတယ်"ဟု အဆိုတော် ယွန်းမြတ်သူက ပြောပြသည်။

အဆိုပါသီချင်း Music Video (MV)တွင် အဆိုတော် ယွန်းမြတ်သူနှင့် Here & Now Dance Crew က တေးသရုပ်ဖော် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Tourists from Southeast Asian countries visit Taungthaman Bridge and Lake



Foreign tourists are seen visiting Taungthaman Bridge and Lake.

**Mandalay April 6**

As Thingyan festival is nearing, tourists from Southeast Asian countries pay visit to Taungthaman Bridge and Lake, said U Soe Win, secretary of the bridge maintenance committee.

Currently, Taungthaman lake and bridge are attracting local travellers and foreign tourists from Southeast Asian countries and European countries as significant destinations. As Thingyan festival is nearer, flocks of travellers at home and from abroad visit the Taungthaman lake and bridge.

"Tourists arrive at the lake and bridge where they enjoy sunset scene. Moreover, they take a rest at the restaurants along Mahuka plants," he explained.

More than 150 travellers from Viet Nam, Thailand, Korea and China paid visits to the bridge and lake on a daily basis in the last week of March, compared with more than 300 travellers per day starting from 1 April.

Taungthaman Bridge is of 1,086 posts. More than 50 small boats are giving services to travellers in the lake for enjoying sunset scene. 184

# Yinmabin District reports successful green bean harvest

**Yinmabin April 6**

Yinmabin District in Sagaing Region is celebrating a successful green bean harvest this winter crop season, according to the district's Agriculture Department.

The department reports that all 18,413 acres planted with green beans have now been harvested. This surpasses the targeted area for green bean cultivation this season.

Daw Myat Moe Win, head of the Yinmabin District Agriculture Department, attributes the success to several factors such as educating farmers on various aspects of green bean cultivation, proper planting methods, pest control, and effective fertilizer use.

Efforts have been made to raise awareness about obtaining high-quality seeds and utilizing farming techniques that can potentially increase green bean yield.

The positive harvest is expected to encourage further expansion of green bean cultivation in Yinmabin District. 206



Workers harvest green beans.

# World Bank, Ethiopia sign 1.72-bln-USD deal

**Addis Ababa April 6**

The Ethiopian government and the World Bank have signed financing agreements amounting to 1.72 billion U.S. dollars in support of Ethiopia's development.

The accords, which were made in the form of credits and grants, were signed by Ethiopia's Minister of Finance Ahmed Shide and the World Bank's country representative Ousmane Dione, the Ethiopian Ministry of Finance said in a statement Friday.

The resource will be used for the implementation of six projects aimed at driving sustainable development and inclusive growth in the East African country, the ministry said.

The projects include a 300-million-U.S. dollar grant to enhance climate-resilient accessibility to food markets and services for target populations and strengthen institutional capacity for rural road management, it added.

Another 82.5-million-dollar grant will finance the enhancement of incomes for the urban poor and promote labor market inclusion for disadvantaged urban youth. Additionally, a 340-million-dollar credit is aimed at enhancing livelihoods and climate resilience for pastoral and agro-pastoral communities in Ethiopia's lowlands.

According to the ministry, the financing support also includes a 522.63-million-dollar investment to strengthen and expand the electricity network and facilitate renewable energy generation in Ethiopia as well as a 275-million-dollar grant to increase access to water supply and sanitation services in the country.

Xinhua

# More than 9,000 acres of groundnut harvested in Kawlin District

**Kawlin April 6**

The statistics of Kawlin District Agriculture Department stated that a total of 9,208 acres of groundnut has been harvested in Kawlin District of Sagaing Region.

Local farmers started harvesting groundnut in the district from February 2024 of the 2023-24 financial year on 9,208 acres of land, yielding 72.78 baskets per acre.

U Win Thein, Head of the district Agriculture Department, said, "Local farmers have completed harvesting of all sown acre of groundnut. They expanded sown acreage of groundnut this year. So, we helped them increase per-acre yield of groundnut."

Kawlin Township harvested 6,002 acres of groundnut, Wuntho Township 1,152 acres and Pinlebu Township 2,054 acres, totalling 9,208 acres.

The district authorities earmarked cultivation of 9,088 acres of groundnut but local farmers exceeded cultivation of the plant on 9,208 acres starting from October 2023, exceeding the target.

The relevant agriculture departments render technological assistance for local farmers to thrive groundnut, prevent pests and weeds. 206

# UN official warns of unfolding tragedy in Gaza, urges immediate action

**New York April 6**

Marking six months since the escalation of conflict in Gaza, a UN official on Friday briefed the Security Council, highlighting the severe humanitarian crisis and calling for urgent global response.

"Six months of heartache and grief," said Ramesh Rajasingham, director of the Coordination Division of the UN Office for the Coordination of Humanitarian Affairs, detailing the harrowing consequences faced by the people of Gaza since the outbreak of hostilities.

With over 32,000 killed and 75,000 injured, the situation has reached a critical point, with children and women disproportionately affected, he said.

Rajasingham stressed, "It is clear there is no protection of civilians in Gaza," emphasizing the dire need for international intervention to safeguard innocent lives. The displacement has been catastrophic, with 1.7 million people, 75 percent of Gaza's population, forced from their homes into precarious living conditions. Xinhua



Ramesh Rajasingham (on the screen), director of the Coordination Division of the UN Office for the Coordination of Humanitarian Affairs, briefs the UN Security Council on the situation in the Middle East, including the Palestinian question, at the UN headquarters in New York, on April 5, 2024.

# Farmers in Htigyaing Township reap 6,492 acres of winter sunflowers


Photo shows newly harvested sunflowers.

**Htigyaing April 6**

A total of 6,492 acres of sunflowers planted in the winter crop season in Htigyaing Township, Katha District, Sagaing Region, have been harvested, according to statistics from the Department of Agriculture.

The harvest of the sunflower fields planted in Htigyaing Township during the 2023-2024 winter crop season has been harvested since February this year. So far, 6,492 acres have been harvested and the yield is 37.29 baskets per acre.

During the 2023-2024 winter crop planting season, 15,335 acres of sunflowers were earmarked for planting in Htigyaing Township, and farmers planted 15,335 acres from October to December, 2023.

During the 2022-2023 winter crop planting season, the winter sunflowers were planted in Htigyaing Township from October, 2022 to September, 2023 and 13,775 acres were planted.

In addition, during the 2023-2024 rain crop planting season, 40 acres of sunflowers have been earmarked for planting in Htigyaing Township and from May to September 2023, the farmers planted 100 percent of the targeted acreage.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# State economic promotion fund allocates more than K6.5 billion loans to summer paddy growers

**Mandalay April 6**

U Toe Min, Head of Mandalay Region Agriculture Department, said that more than K6.5 billion loan from the State economic promotion fund has been disbursed to local farmers to grow summer paddy in seven districts of Mandalay Region.

The loan was allocated as K200,000 per acre of summer paddy. The loan covered 32,578 acres of summer paddy.

"The loan aims to increase per-acre yield of summer paddy. In addition, it aims to benefit all of groups in the project as well as emergence of job opportunities and creation of more linkages between private businesspersons and foreign market. This year, local farmers expanded 43 acres of summer paddy more than previous year. They have to repay the loan in next six months," he explained.

Cultivation of summer paddy through the State economic promotion fund will be 718 acres in Kyaukse District, 100 acres in NyaungU District, 60 acres in TadaU District, 550 acres in Meiktila District, 350 acres in Yamethin District, 1,800 acres in Amarapura District, and 29,000 acres in Aungmyethazan District, totalling 32,578 acres in seven district.


A summer paddy plantation.

185

# Budalin Township farmers reap 13,875 acres of winter sesame

**Budalin April 6**

A total of 13,875 acres of winter sesame planted during the winter crop planting season in Budalin Township, Monywa District, Sagaing Region, have been harvested, according to statistics from Department of Agriculture for Budalin Township.

The harvest of winter sesame planted in Budalin Township during the 2023-2024 winter crop planting season has been harvested since February of this year. So far, 13,875 acres have been harvested and 12.25 baskets per acre have been harvested.

"At present, all acres of winter sesame have been harvested. The yield is also good. Sesame is not planted in the rainy season. They are only planted in the winter. We also provide services for the expansion of sesame acreage, good yield, and planting with GAP systems, said U Phyo Wai, head of the Department of Agriculture for Budalin Township.

During the 2023-2024 winter crop planting season, 13,591 acres of winter sesame are planned to be planted in Budalin Township, and 13,875 acres were planted from October to December, 2023.

206


Workers harvest sesame.

# Plan to conduct basic fish farming and hatching course in 2024-25 FY

**Mandalay April 6**

U Tun Naung Win, assistant director of Thayetgon fishing camp of Mandalay Region, said that it will conduct a course on fish farming, hatching and GAQP course for local fish farmers in Mandalay Region in 2024-25 financial year.

Fish farmers in the region will have a chance to study systematic fish farming techniques, engaging in freshwater fish farming and safety aquafeed production. The course will be conducted at Thayetgon fishing camp.

"We will open three batches of courses for the local fish farmers in coming financial year. Basic fish farming and hatching courses will be two times and GAQP course once. The courses will share knowledge and techniques of fish farming for golden sturgeon, rohu and other freshwater fish species. The courses will be in line with Covid-19 protocols issued by the Ministry of Health. As such, local fish farmers will have valuable fish farming techniques," he added.

The training courses will be conducted under the instructions of the Mandalay Region Department of Fisheries. The topics will be hatching of golden sturgeon and floating cage fishing. Moreover, the fishing camp will distribute healthy fingerlings to the local fish farmers.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်နိုင်ငံ Hermeus ကုမ္ပဏီက ဂျက်အင်ဂျင်သုံး Quarterhorse Mk1 ဒရုန်းကို ထုတ်ဖော်ပြသ




အမေရိကန်နိုင်ငံ Hermeus ကုမ္ပဏီက မြန်နှုန်းမြင့်ပျံတက်၊ ဆင်းသက်နိုင်မည့် ဂျက်အင်ဂျင်သုံး Quarterhorse Mk1 ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Defense Post သတင်းဌာနက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းနေရာတွင် အဝေးမှထိန်းကျောင်းမောင်းနှင်နိုင်သည့်လေယာဉ် (Remotely-Piloted Aircraft) ဆိုသည်မှာ ဒရုန်း၏ နောက်ထပ်ဝေါဟာရ အခေါ်အဝေါ်တစ်ခုဖြစ်ကြောင်း မှတ်သားထားရမည်။

Quarterhorse Mk1 ဟုအမည်ပေးထားသော အဆိုပါနောက်ဆုံးထုတ် ဒရုန်းသစ်တွင် Northrop Grumman ကုမ္ပဏီထုတ် F-5 စူပါဆောနစ် တိုက်လေယာဉ်နှင့် T-38 Talon အမောင်းသင် လေယာဉ်တို့တွင် အသုံးပြုထားသော GE J85 အင်ဂျင်တပ်ဆင်အသုံးပြုထားသည်။

အမေရိကန်နိုင်ငံ Hermeus ကုမ္ပဏီသည် တစ်နှစ်လျှင် လေယာဉ်တစ်စင်းတည်ဆောက်ရေးရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် ခုနစ်လအတွင်း ဒီဇိုင်းဆွဲကာ တည်ဆောက်နိုင်စွမ်းရှိသည်ဟု သိရသည်။

အဆိုပါနောက်ဆုံးထုတ် ဒရုန်းသစ်ကို ကယ်လီဖိုးနီးယားပြည်နယ် Edwards လေတပ်အခြေစိုက်စခန်းတွင် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုကို ယခုနှစ်နှောင်းပိုင်း၌ ပြုလုပ်သွားနိုင်ရန် မျှော်မှန်းလုပ်ဆောင် နေခြင်းလည်းဖြစ်ကြောင်း သိရသည်။

သို့သော်လည်း Hermeus ကုမ္ပဏီသည် ပျံသန်းမှုမစမ်းသပ်မီ ဒရုန်းတွင် ပါဝင်သောစနစ်ခွဲများနှင့်မြေပြင်အခြေစိုက်စခန်းကို အကဲဖြတ်ဆန်းစစ်ချက်များအတွက် စမ်းသပ်မှုများဆက်တိုက်ပြုလုပ်ရန်စီစဉ်ထားသည်။ ကျွန်ုပ်တို့သည်ပထမအကြိမ်ပျံသန်းခြင်းတွင် စမ်းသပ်မှုလုပ်ထုံးလုပ်နည်းများ၊ ဘေးကင်းလုံခြုံရေး၊ သက်ဆိုင်ရာအဖွဲ့များထံမှ ထိရောက်စွာပူးပေါင်းဆောင်ရွက်မှုများ ဆန်းစစ်အကဲဖြတ်ပြီး တစ်ပြိုင်နက်တည်း ဒရုန်း၏စွမ်းဆောင်ရည်များကို ကျယ်ကျယ်ပြန့်ပြန့်စမ်းသပ်စစ်ဆေးသွားမည်ဟု ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Don Kaderbek က ပြောကြားခဲ့သည်။

Hermeus ကုမ္ပဏီသည် ဒရုန်း၏ အလျင်နှုန်း၊ အကွာအဝေးနှင့်ပျံသန်းနိုင်သော ကြာချိန် စသည့် Quarterhorse Mk1 ဒရုန်း၏ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်း မရှိသေးပေ။

အဆိုပါ ဒရုန်းသစ်ကို စမ်းသပ်မှုပြီးသည်နှင့်တစ်ပြိုင်နက်တည်း Hermeus ကုမ္ပဏီသည် စူပါဆောနစ်အလျင်နှုန်းဖြင့် ပျံသန်းနိုင်စေမည့် Quarterhorse Mk2 အဆင့်မြင့်ဗားရှင်းကို ဒီဇိုင်းရေးဆွဲထုတ်လုပ်သွားမည်ဖြစ်သည်။ ၎င်းတွင် အမေရိကန်လေတပ်၏ F-15 နှင့် F-16 တိုက်လေယာဉ်များတွင် အသုံးပြုသည့် Pratt & Whitney F100 အင်ဂျင်ကို တပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူအသုံးပြုမည့်သူများ လက်ဝယ်သို့ မကြာမီအဆင့်မြင့်တင်ထားသော စွမ်းဆောင်ရည်ကို ရရှိနိုင်စေရန်ရည်ရွယ်ထားသောကြောင့် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ကုမ္ပဏီပူးတွဲတည်ထောင်သူ Skyler Shuford က ပြောကြားခဲ့သည်။

"နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ အကျိုးရလဒ်တွေအနေနဲ့ အဆင့်မြင့် ဒရုန်းတစ်စင်းကို တစ်နှစ်လောက်အတွင်းမှာ ထုတ်လုပ်သွားနိုင်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Hermeus Unveils Jet-Powered Quarterhorse Mk1 Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## မြောက်ကိုရီးယားနိုင်ငံက ဟိုက်ပါဆောနစ်ထိပ်ဖူးတပ်ဒုံးကျည်အမျိုးအစားသစ်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့

မြောက်ကိုရီးယားနိုင်ငံသည် ဟိုက်ပါဆောနစ် ထိပ်ဖူးတပ်တာလတ်ပစ်ဒုံးကျည်အမျိုးအစားသစ်ကို ဧပြီ ၂ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက တရားဝင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာ၌ ဧပြီ ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မြို့တော်ပြုံယမ်း ဆင်ခြေဖုံးဒေသ၌ပြုလုပ်သော အခဲလောင်စာစွမ်းအင်သုံး Hwasong-16 ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုသို့ တက်ရောက်ကြည့်ရှုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ကိုယ်တွင်ထုတ်လုပ်ထားသည့် ဒုံးကျည်အားလုံးသည် ယခုအခါ အခဲလောင်စာဆီသုံးနည်းပညာကို အခြေခံထားပြီး နျူကလီးယားထိပ်ဖူးများကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း ပြောကြားခဲ့သည်ဟု မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA) က ဧပြီ ၃ ရက်တွင် ထုတ်လွှင့်ပြောကြားသွားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဧပြီ ၂ ရက်က ဂျပန်ပင်လယ်ဘက်သို့ ပဲ့ထိန်းဒုံးကျည်တစ်စင်းပစ်လွှတ်ခဲ့ပြီး အဆိုပါဒုံးကျည်သည် ဂျပန်နိုင်ငံ၏သီးသန့်စီးပွားရေးဇုန်အပြင်ဘက် ရေပြင်ပိုင်နက်အတွင်းသို့ ကျရောက်ခဲ့ကြောင်း ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါဒုံးကျည်သည် ဟိုက်ပါဆောနစ်လက်နက်ဖြစ်နိုင်သည်ဟု တောင်ကိုရီးယားစစ်ဘက်က ခန့်မှန်းပြောကြားထားကြောင်း သိရသည်။

ဟိုက်ပါဆောနစ်ဒုံးကျည်များသည် ပုံမှန်မဟုတ်သော၊ အနိမ့်၊ အမြင့်လမ်းကြောင်းများဖြင့် အသံ၏အမြန်နှုန်းငါးဆထက်ပို၍ ပျံသန်းတိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အစိုင်အခဲလောင်စာသုံးဒုံးကျည်များသည် အရည်လောင်စာသုံးဒုံးကျည်များကဲ့သို့ ပစ်လွှတ်ခြင်းမပြုမီ အရည်လောင်စာဆီဖြည့်ရန် မလိုအပ်သောကြောင့် ပစ်လွှတ်ရန်ပြင်ဆင်မှုများကို အခြားနိုင်ငံများက ထောက်လှမ်းသိရှိနိုင်ကာ ၎င်းတို့၏ ကြိုတင်ကာကွယ်မှုနှင့် လက်တုံ့ပြန်နိုင်စွမ်းကို အရှိန်မြှင့်လုပ်ဆောင်ရန်ခက်ခဲစေမည်ဖြစ်သည်။

ဟိုက်ပါဆောနစ် ဒုံးထိပ်ဖူးတပ်ထားသော တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီး ဟိုက်ပါဆောနစ်ဒုံးကျည်အတွက် အခဲလောင်စာသုံးဂျက်အင်ဂျင်ကို မြေပြင်စမ်းသပ်မှုများ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြီးခဲ့သည့်လအတွင်း၌ ပြောကြားခဲ့သည်။

ဧပြီ ၂ ရက်က စမ်းသပ်မှုအတွင်း ဟိုက်ပါဆောနစ်ထိပ်ဖူးသည် အမြင့် ၁၀၁ ဒသမ ၁ ကီလိုမီတာထိ ပထမဆုံးအကြိမ် အမြင့်မားဆုံးပျံသန်းရောက်ရှိခဲ့ပြီး အကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ ပျံသန်းနိုင်ခဲ့ကာ စီစဉ်ထားသည့်အတိုင်း ဂျပန်ပင်လယ်အတွင်း တိကျစွာထိမှန်ပေါက်ကွဲခဲ့ကြောင်း KCNA သတင်းဌာနက ထုတ်လွှင့် ပြောကြားခဲ့သည်။



အဆိုပါဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၆၅၀ ကျော်ထိ ပျံသန်းသွားခဲ့ကြောင်း ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနဘက်က ထုတ်ပြန်ထားသေးသည်။ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် အိမ်နီးချင်းနိုင်ငံများ၏လုံခြုံရေးအပေါ် ထိခိုက်စေလိုခြင်းမရှိကြောင်းလည်း အဆိုပါသတင်းဌာနက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စမ်းသပ်ပစ်လွှတ်မှုရလဒ်အတွက် များစွာကျေနပ်အားရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်း၏နိုင်ငံသည် ဒုံးကျည်များအားလုံးကို အစိုင်အခဲလောင်စာသုံး ဒုံးထိပ်ဖူးများ၊ နျူကလီးယားထိပ်ဖူးတင်ဆောင်လျက် အကွာအဝေးစွမ်းဆောင်ရည်အမျိုးမျိုးဖြင့် နည်းဗျူဟာ၊ စစ်ဆင်ရေးနှင့်မဟာဗျူဟာမြောက် ဒုံးကျည်များအဖြစ် ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်ခဲ့ပြီဟု ပြောကြားခဲ့သည်။

မြောက်ကိုရီးယားတပ်မတော်၏ နျူကလီးယားအဟန့်အတား စွမ်းအားစုများကို အဆင့်မြှင့်တင်ရာတွင် ကြီးကျယ်သော ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်ရာ ခေတ်သစ်မြောက်ကိုရီးယားအတွက် အထူးအောင်ပွဲတစ်ရပ်လည်းဖြစ်ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနက ထုတ်လွှင့်ပြောကြားသွားခဲ့သည်။

**N.Korea successfully fires missile with hypersonic warhead ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ဧက ၅၃၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ဧက ၅၃၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၅၃၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၄၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ဧက ၅၃၈၀ စိုက်ပျိုးထားပါတယ်။ လက်ရှိမှာတော့ မတ်ပဲစိုက်ခင်းဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၆၈၃ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၁၆၉၀၊ မင်းကင်းမြို့နယ်တွင် ၃၀၀၇ ဧက စုစုပေါင်း ဧက ၅၃၈၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၄၃၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဧက ၅၃၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မတ်ပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကော့မှူး ဧပြီ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများသည် ဇလုပ်ကြီးကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာမှတင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို



ရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ အရှည် ပေ ၄၅၀၊ အကျယ် ကိုးပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းနှင့် အရှည် ပေ ၃၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သိန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၁ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရမ်းမြေ)**

# မင်းလှမြို့နယ် ဂျင်ရဲမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျင်ရဲမြောင်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဂျင်ရဲမြောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂျင်ရဲမြောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၃၅ ဒသမ ၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၁၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၄-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |

**ဓာတ်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၆၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံနှင့် စလင်းကျောင်းတိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး



**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ နှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက် ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ခုတင် ၃၀၀ ဆံ့သင်ကြားရေးဆေးရုံနှင့် အောင်မြေ သာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ စလင်း ကျောင်းတိုက်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါနေရာများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်း များ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာ ကောင်းမွန်စေရေး အမှိုက်သရိုက် မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများ က စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများ ကို လိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက် ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် အသီးသီးရှိ ဘုရား၊စေတီပုထိုးများ၊ ဘုန်းကြီး ကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သား များနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# အကြိမ်(၂၀)မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် မေ ၆**

အကြိမ်(၂၀)မြောက် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေး (20th ASEAN Central Bank Governors' Meeting-ACGM)၊ (၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌ များ အစည်းအဝေး (11th ASEAN Finance Ministers' and Central Bank Governors' Meeting-AFMGM)နှင့် ဆက်စပ်အစည်းအဝေးများ ကို ယမန်နေ့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့၌ ကျင်းပသည်။



မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် အကြိမ်(၂၀)မြောက် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေးသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီး များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည် ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်း များ၏ အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးများသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

အကြိမ်(၂၀)မြောက် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများအစည်းအဝေးတွင် လက်ရှိ အာဆီယံ၏သဘာပတိဖြစ်သူ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗဟိုဘဏ် က၂၀၂၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌများအစည်းအဝေး၏ သဘာပတိက အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေး လုပ်ငန်းများ ကြီးကြပ်ထိန်းကျောင်းသည့် အာဆီယံအဆင့်မြင့်ကော်မတီ (ASEAN Senior Level Committee-SLC) အောက်ရှိ အာဆီယံငွေရေးကြေးရေးပေါင်း စည်းမှုဆိုင်ရာ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ နောက်ဆုံးတိုးတက်မှု၊ ရေရှည်တည်တံ့ခိုင်မြဲ သည့် စဉ်ဆက်မပြတ် ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များ နှင့် အာဆီယံငွေကြေးဖလှယ်မှု အစီအစဉ် (ASEAN Swap Arrangement–ASA) နှင့်စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှုအခြေ အနေများကိုတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာ ရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့ အစည်းများ၏အစည်းအဝေးကို ဆက်လက် ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)က အာဆီယံ ဒေသတွင်း ကြုံတွေ့ရသည့် အခက်အခဲများ အပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်း များတိုးမြှင့်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကမ္ဘာ့ဘဏ်(World Bank) က အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေးဆိုင်ရာ အလားအလာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF)က ကမ္ဘာ့စီးပွားရေး နှင့် ဒေသတွင်း စီးပွားရေးအလားအလာများ ဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ လည်း ကောင်း၊ အာဆီယံ+ ၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office-AMRO) က အာဆီယံ+ ၃ နှင့် အာဆီယံဒေသ၏ စီးပွားရေးဆိုင်ရာ ခန့်မှန်းချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီးဆွေးနွေး ခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာ ကြသူများက အကြံပြုချက်များပေးခြင်းနှင့် မေးခွန်းများမေးမြန်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍(၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေးကို ကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်က ၂၀၂၅ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ လတ်တလောတိုးတက်မှု အခြေအနေများ (Recent Developments of the AEC Blueprint 2025)၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယ အကြီးအကဲများအစည်းအဝေး၏ ပူးတွဲ သဘာပတိက အာဆီယံငွေကြေးနှင့်ငွေရေး ကြေးရေးပေါင်းစည်းရေး လမ်းပြမြေပုံ (Roadmap for Monetary and Financial Integration of ASEAN-RIA-FIN) အရ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း စဉ်များ၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲ သည့် စဉ်ဆက်မပြတ်ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှု (ASEAN Sustainable Finance Cooperation)ဆိုင်ရာ လုပ်ငန်း စဉ်များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေ များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံအရ ဆောင်ရွက်လျက်ရှိ သည့် လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ အာဆီယံငွေရေးကြေးရေး ပေါင်းစည်းမှု ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တင်ပြ ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌ များအစည်းအဝေး (11th AFMGM) ၏ ပူးတွဲကြေညာချက်မူကြမ်းကို အပြီးသတ် ဆွေးနွေး၍ အတည်ပြုခဲ့ကြသည်။ (၁၂) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီး များနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး ကို လာမည့် ၂၀၂၅ ခုနှစ်တွင် မလေးရှား နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
  (၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
  (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
  (၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
  (၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
  (၁) ၀၈၁- ၂၀၂၄၅၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ၊
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊
(င) ပြည်သူပစစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အထက်ပါ၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊
(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊
(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊
(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊
(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊
(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊
(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊
(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၄)**





သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ချမ်းအေးသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြေနီကျင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ဆီးချိုရောဂါ၊အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊သားဖွားမီးယပ်ရောဂါ၊ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၁၀၃ ပါးနှင့်ဒေသခံပြည်သူ ၈၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဝန်ထမ်းအိမ်ရာများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးသည် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ညနေပိုင်း၌ ဇမ္ဗူသီရိမြို့နယ် ဝလသိဒ္ဓိရပ်ကွက်၊နေသိဒ္ဓိရပ်ကွက်၊ဘောဂသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်တို့ရှိ ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် အိမ်ရာများ၊ လူပျိုနှင့်အပျိုဆောင်များသို့ သွားရောက်စစ်ဆေးသည်။

စစ်ဆေးစဉ် အိမ်ရာအဆောင်စည်းကမ်းချက်များနှင့်အညီ နေထိုင်ရေး၊ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး၊ ရေ၊ မီးနှင့် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ လုံခြုံရေးအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး ကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သော ဝန်ထမ်းများအနေဖြင့် အိမ်ရာနှင့်အဆောင်လုံခြုံရေးအတွက် အသိ၊ သတိဖြင့် နေထိုင်ကြရန် အဆောင်စည်းကမ်း၊တိုက်စည်းကမ်း လိုက်နာကြရန်၊ ဧည့်သည်များ လာရောက်ပါက ခွင့်ပြုချက်ဖြင့်တည်းခိုရန်၊မသက်ဆိုင်သူများလက်ခံထားရှိခြင်းမပြုရန်၊ ဧည့်စာရင်းတိုင်ကြားရန်၊ အမှိုက်များ စွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့်အဆောင်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ရန်၊ လျှပ်စစ်မီးနှင့်ရေများကို လေလွင့်မှုမရှိစေရန်၊ စနစ်တသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ရန်၊ လုံခြုံရေးအထူးသတိပြုရန်၊ တိုက်တာဝန်ခံ၊ ဒုတိယတိုက်တာဝန်ခံများအနေဖြင့် ဧည့်စာရင်းအပါအဝင် သန့်ရှင်းရေးနှင့် စည်းကမ်းတကျနေထိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ကြရန်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူစာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် “ပညာဒါန”အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **ညွှန်ကြားရေးမှူး (ထုတ်လုပ်)**
  **ပြန်/ဆက်ဦးစီးဌာန**
  **ဖုန်း ၀၁-၃၇၁၃၄၂၊ ၀၆၇-၃၄၁၂၃၇၁၊ ၀၉-၄၂၁၀၄၆၇၁၅**
- **ညွှန်ကြားရေးမှူး(ပြန်ဆက်)**
  **ပြန်/ဆက်ဦးစီးဌာန**
  **ဖုန်း ၀၆၇-၃၄၁၂၁၆၄**
- **တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ**

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်သူများသို့ အသိပေးကြေညာချက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနသည် နိုင်ငံအတွင်းနေထိုင်သူများမှ အသက် ၁၀ နှစ် အထက်ရှိသူများကို electronic စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ(Biographic Data)နှင့် ဇီဝအချက်အလက်များ(Biometric Data)တို့ကိုကောက်ယူမှတ်ပုံတင်၍ ဂဏန်း ၁၀ လုံးပါရှိသည့် UID (Unique Identity Number) သတ်မှတ်ထုတ်ပေးလျက်ရှိသည်။ ယင်းသို့ Biographic/ Biometric အချက်အလက်များမှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) နိုင်ငံတော်အစိုးရက တရားဝင်ထုတ်ပေးထားသော အထောက်အထားလက်မှတ်တစ်ခုခုကို တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နယ်စပ်ဖြတ်ကျော်ဝင်ထွက်သွားလာရာတွင် သတ်မှတ်ထားသည့် နယ်စပ်ဝင်ထွက်ဂိတ်များမှ TBP, BP လက်မှတ်များဖြင့် တရားဝင် ဝင်ထွက်သွားလာခွင့် ခွင့်ပြုပေးလျက်ရှိပါသည်။ အဆိုပါနယ်စပ်ဝင်ထွက်ဂိတ်များမှ ဝင်ထွက်ခွင့်ပြုရာတွင် နယ်စပ်အဝင်၊ အထွက် လူဦးရေစာရင်းဇယားတိကျစွာရရှိနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများနှင့် အသုံးမပြုသည့်ကတ်များကို အသုံးပြု၍ သွားလာခြင်းများကို ထိန်းချုပ်နိုင်ရေးတို့အတွက် UID လက်မှတ်ပါမှသာ TBP, BP လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နယ်စပ်ဝင်ထွက်ဂိတ်များသို့ TBP, BP လက်မှတ်လာရောက်လျှောက်ထားသူ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ UID စာရွက်ပါ တစ်ပါတည်းယူဆောင်လာကြပါရန်နှင့် ၁-၅-၂၀၂၄ ရက်မှစတင်ပြီး UID စာရွက်ပါမှသာ TBP, BP လက်မှတ်များထုတ်ပေး၍ နယ်စပ်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါကြောင်း ပြည်သူများသို့ ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

☆ ကျောဖုံးမှအဆက်

နာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှသိရသည်။

အဆိုပါလမ်းကို ၂၀၁၈ ခုနှစ် ပထမခြောက်လပတ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ငွေကျပ် ၁၁၅၅ ဒသမ ၉၁၄ သန်းဖြင့် မြေလမ်း ၁၇ မိုင်၊ Box Culvert ၃၁ စင်း၊ မြေလမ်းပြင်ထိန်း သုံးမိုင်နှင့်ဘေလီတံတား တစ်စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာ သုံးရွာ၊အိမ်ခြေ ၂၉၉ အိမ်၊လူဦးရေ ၃၂၅၂ ဦးတို့၏ လူမှုစီးပွားဘဝနှင့်ကုန်စည်စီးဆင်းမှုများကို အထောက်အကူပြုသည့်အတွက် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၁၅၆၇ ဒသမ ၃၇၁ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၉၀၃ ဒသမ ၁၆၈ သန်း စုစုပေါင်းငွေကျပ် ၂၄၇၀ ဒသမ ၅၃၉ သန်းတို့ဖြင့် မြေသားလမ်း ၁၅ မိုင်၊ မြေလမ်းပြင်ထိန်း ၁၈ မိုင်၊ လမ်းတာချဲ့ ငါးမိုင်၊ ဘေလီတံတား ငါးစင်း၊ Box Culvert ၂၆ စင်း၊ မြေထိန်းနံရံ သုံးခု၊ စာသင်ဆောင်နှင့် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာ နှစ်လုံးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေကြသည့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တွေ့ဆုံဆွေးနွေး




**နေပြည်တော် ဧပြီ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေကြသည့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် ခိုင်မာသော ဈေးကွက်ဖော်ဆောင်နိုင်ကြစေရန်၊ ဈေးကွက်နှင့်ကိုက်ညီသော အရည်အသွေးပြည့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး ပြည်နယ်များတွင် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန်နှင့် အာဟာရပြည့်ဝသော အသားထုတ်လုပ်မှုတိုးတက်လာစေရန် မွေးမြူရေးကျေးရွာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် အဆင်ပြေချောမွေ့စေရန်၊ မွေးမြူသူများအတွက် အကောင်းဆုံး အကျိုးအမြတ်ရရှိနိုင်စေရန် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် စောင့်ကြည့်လေ့လာသုံးသပ်ခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့က ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်သူအားလုံးတို့က ကျွမ်းကျင်အခန်းကဏ္ဍများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းတာဝန်ခံက နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဌာနများမှကူညီပံ့ပိုးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသည့် မွေးမြူရေးတောင်သူများက မွေးမြူရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့်လိုအပ်ချက်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကန်စွန်းခင်းရွာ မွေးမြူရေးတောင်သူ ဦးမြင့်ထူး၏ အသားစားကြက်အကောင် ၅၀၀၀ မွေးမြူထားရှိမှု၊ လယ်ဝေးမြို့နယ် ရသေ့တောင်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမျိုးသူရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူထားသည့် အသားတိုးကြက်အကောင် ၆၀၀၀ နှင့် အသားတိုးဝက် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ချက်များ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍနှစ်ရပ်မှ ဝင်ငွေတိုးတက်ခံစားရနိုင်မှုအခြေအနေ၊ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေသြဇာအဖြစ် အသုံးပြုမှုများပါဝင်သည့် လှည့်ပတ်သုံးစွဲနည်းစနစ်ကို ပီပြင်စွာဖြစ်ပေါ်လာရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အသားထုတ်လုပ်မှုကဏ္ဍ တန်ဖိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုပေါ် များစွာတည်မှီနေသဖြင့် ဌာနနှင့်ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများကို သက်ဆိုင်ရာပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၆၀၀၉၆ပါး/ဦးအနက် ၄၈၄၆၉ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၆၅ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုက်ကြီးမြို့နယ် အထက်စု(မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အထက်စု (မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေလုံလောက်မှုကို မထိခိုက်စေရန်၊ စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်သုံးစွဲနိုင်ရေးနှင့် အခြေအနေပေးသည့် ဒေသများတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် ရာသီအလိုက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး၊ မိုးစပါးနှင့် နွေစပါးအောင်ရေပေးဝေနိုင်ရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရေလှည့်စနစ်ဖြင့် စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးနည်းစနစ် အသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများကို အသိပညာပေး၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်၍ ရေစက်မောင်းချိန်နှင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တိုက်ကြီးမြို့နယ်ရှိ အထက်စု(မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း၏ တူးမြောင်းမကြီးသည် အကျိုးပြုဧက ၁၈၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး သရက်ချောင်းပင်မတူးမြောင်းမကြီးမှ ဧက ၁၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တည်ဆောက်ပြီး ရေပေးမြောင်းများအလိုက် ရေစီမံခန့်ခွဲမှုစနစ်ဖြင့် ရေစမ်းသပ်မောင်းနှင်၍ စိုက်ပျိုးရေပေးဝေခြင်းနှင့် မြို့ပြ၊ စက်မှု၊ လျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းများကိုသတ်မှတ်ကာလ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တိုက်ကြီးမြို့နယ် ကျားချောင်းကျေးရွာအနီး အသစ်ဖော်ထုတ်မည့် မွေးမြူရေးဇုန်ရေရရှိနိုင်ရေးအတွက် သနပ်ချောင်းလျှိုပိတ်တမံတည်ဆောက်နေမှု၊ တဘူးလှရေသောက်စနစ်၏ လက်ဝဲတူးမြောင်းမကြီး လိုင်နင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



တဘူးလှတမံသည် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် လက်ဝဲမြောင်းမကြီး၏ စီစစ်ရေပေးဝေမှုမှာ ၅၅၄၅ ဧကဖြစ်သော်လည်း ယခုနှစ်တွင် ၆၈၈၅ ဧကရေပေးဝေနိုင်ခဲ့ခြင်းကြောင့် စီစစ်ဧကထက် ဧက ၁၃၄၀ ကို ပိုမိုပေးဝေနိုင်ခဲ့သည်။ ထို့ပြင် လက်ဝဲရေသောက်စနစ်မှ အသုံးပြုပြီး ပိုလျှံကျဆင်းလာသောရေများသည် ဥက္ကံသကြားစက် ကားလမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ အတွင်းသို့ရောက်ရှိလာသဖြင့် ရေထိန်းရေမြှင့် အဆောက်အအုံ ၁၃ ခု တည်ဆောက်၍ အနီးဝန်းကျင်ရှိ လယ်မြေ ၂၃၇၇ ဧကကို ပြန်လည် ရေပေးဝေနိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း စိုက်ပျိုးမြေဧက ၂၇၀၀၀ ကျော်ကို ရေစိုက်ပျိုးရေ အကျိုးပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၇-၄-၂၀၂၄ (တနင်္ဂနွေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀း၁၅ | Hit I M |
| ၃။ | ၁၀း၄၀ | နိုပါတ်တော်လာသိမှတ်စရာ |
| ၄။ | ၁၁း၃၅ | Our Present Songs |
| ၅။ | ၁၄း၁၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် မေ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်(ယ) ရပ်ကွက်ရှိ မဆွေဆွေနွယ်(ခ)သဲသဲ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊အလားတူ မေ ၄ ရက် ညနေ ၄ နာရီတွင် ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ နောင်တုံ ကျေးရွာအနီး မိုင်းခုတ်-မိုင်းဆတ်သွားကား လမ်းတွင် မသက်ဖွယ်တွေ့ရှိသူ မနာဖာကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရမ်းမြို့တွင် တပ်မတော်က စစ်မှုထမ်းထောက်ပံ့ရန် အဓမ္မငွေကောက်ခံနေဟု သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မတ်လမှစပြီး နေအိမ်တိုင်း စစ်မှုထမ်းသွားမည့်သူများကို ထောက်ပံ့ပေးမည်ဆိုသည့် အကြောင်းပြချက်ဖြင့် ငွေကြေးကောက်ခံမှုများကို အလွန်အကျွံပြုလုပ်လျက်ရှိသည်ဟု သတင်းတု၊ သတင်းမှားများကို ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် စွပ်စွဲရေးသားထားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ ခရမ်းမြို့နယ်ရှိ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ရပ်ကွက်၊ ကျေးရွာများတွင် စစ်မှုထမ်းဆောင်မည့် သူများအတွက် ငွေကြေး ကောက်ခံခိုင်းသည်ဆိုသည့် သတင်းမှာ သတင်းမှားသာဖြစ်ပြီး မိမိတို့အနေဖြင့် ထိုသို့သောကောလာဟလသတင်းများမှ ပြည်သူများ အမြင်မှန်သိရှိစေရေး ရပ်ကွက်၊ကျေးရွာအုပ်စုများအလိုက် ပြည်သူများသို့ အသိပေးချပြရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။




ပြည်သူ့စစ်မှုထမ်း ဥပဒေအာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများစိုးရိမ်ထိတ်လန့်လာစေရန် လုပ်ကြံသတင်းမျိုးစုံဖြင့် ဝါဒဖြန့်ခြင်း၊ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ၍ အောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီးရေးသားခြင်းများ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မင်းတပ်မြို့နယ် အောက်ချိုင်ရွာကို တပ်မတော်က လေကြောင်းဖြင့်ပုံးကြဲမှု ကလေးငယ် နှစ်ဦးအပါအဝင် ပြည်သူ ငါးဦး ဒဏ်ရာရရှိမှုနှင့် ရွှေဘိုမြို့နယ် ရှားတောရွာကို တပ်မတော်က စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူများ ရွာလုံးကျွတ်ထွက်ပြေးနေရကြောင်း သတင်းတု၊သတင်းမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၆**

ချင်းပြည်နယ် မင်းတပ်မြို့နယ် အောက်ချိုင်ရွာကို မေ ၃ ရက်တွင် တပ်မတော်က လေကြောင်းမှ ဆင့်ပွားထပ်ဆင့်ပေါက်ကွဲစေသည့် Cluster ပုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့ရာ ကလေးငယ် နှစ်ဦးအပါအဝင် ပြည်သူ ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် ကောလာဟလ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အရ မေ ၃ ရက်တွင် တပ်မတော်က လေကြောင်းပုံးကြဲတိုက်ခိုက်သည်ဆိုသည့်သတင်းမှာ သတင်းမှားသာဖြစ်ကြောင်းနှင့် ထိုနေ့တွင်လေကြောင်းပျံသန်းမှုမရှိကြောင်းကို သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ယနေ့နံနက်တွင် ရွှေဘိုမြို့နယ် ရှားတောရွာကို တပ်မတော်က စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူများ ရွာလုံးကျွတ် ထွက်ပြေးနေရကြောင်း မဟုတ်မမှန် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အမှန်မှာ အဆိုပါ ကျေးရွာတွင် အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့များမှ နယ်မြေလုံခြုံရေးသွားရောက်







ဆောင်ရွက်မှုကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop ပုံးချတိုက်ခိုက်ခြင်းများ လုပ်ဆောင်ကာကျေးရွာရှိ နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးမှုများကြောင့်ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ပြည်သူလူထုက တပ်မတော်အပေါ် အထင်အမြင်လွဲမှားသွားစေရန် သတင်းတု၊သတင်းမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Neko Shiri" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ စောဒေးဗစ်၊ "Pyae Phyo Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နေ ပြည့်ဖြိုးအောင်၊ "Pyae Shan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ ပြည့်လျှံငြိမ်းချမ်းတို့သုံးဦးကို နံနက် ၇ နာရီခွဲတွင်လည်းကောင်း၊ "Taw Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ နော်တောအူးဖောအား ည ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Kham Kham Foot Villa Pyin Oo Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂)နေ သွင်ထူးညီအား ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တရုတ်(တိုင်ပေ) မြေငလျင်ဒဏ်သင့်သူများကို ဂျပန်နိုင်ငံက ကန်ဒေါ်လာ တစ်သန်း လှူဒါန်း



**တိုကျို မေ ၆**

တရုတ်(တိုင်ပေ) မြေငလျင်ဒဏ်သင့်ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုအစီအစဉ်ဖြင့် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါက ပြောကြားသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရာတွင်လည်း တရုတ်(တိုင်ပေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ပြည်သူများကို ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ယခုအခါ ဂျပန်နိုင်ငံက တရုတ်(တိုင်ပေ)ရှိ မြေငလျင်ဒဏ်သင့် ပြည်သူများကို အမေရိကန်ဒေါ်လာ တစ်သန်းပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့ကြား ချစ်ကြည်ရေးခိုင်မြဲစေရေးအတွက် အပြန်အလှန်ကူညီမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါက ပြောကြားခဲ့သည်။

"ဂျပန်နိုင်ငံနဲ့ တရုတ်(တိုင်ပေ)ကြား ချစ်ကြည်ရေးဟာ ခိုင်မာမှုရှိသလို တစ်ဖက်နဲ့တစ်ဖက် အခက်တွေ့ချိန်မှာလဲ မိတ်ရင်းသဖွယ် အမြဲတမ်းအပြန်အလှန်ကူညီပေးနေပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ မြေငလျင်ဒဏ်သင့်ပြည်သူတွေကို အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းပေးနိုင်ခဲ့ပါတယ်"ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါက ပြောကြားသွားခဲ့သည်။

တရုတ်(တိုင်ပေ)ဟွာလီယန်းမြို့တွင် ဧပြီ ၃ ရက်က ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ မြေငလျင်ကြောင့် နေအိမ်နှင့် အခြေခံအဆောက်အအုံများ ပြိုကျပျက်စီးမှုရှိခဲ့ပြီး လူ ၁၀ ဦးထက်မနည်း သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၅၀ ထက်မနည်းရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အာရှပစိဖိတ်ဒေသ၌ သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးကဏ္ဍတွင် ကန်ဒေါ်လာ ၆၅ ဘီလီယံထိ ဆုံးရှုံးနစ်နာမှုရှိခဲ့

**ဝါရှင်တန် မေ ၆**

အာရှပစိဖိတ်ဒေသများ၌ သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးကဏ္ဍတွင် ဆုံးရှုံးနစ်နာမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံထိရှိခဲ့ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် Reinsurance Solutions for Aon's Asia Pacific အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး အိန္ဒိယနိုင်ငံ၌ မိုးခေါင်ရေ ရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ စီးပွားရေးအင်အားတောင့်တင်းသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေခဲ့ပြီး စီးပွားရေးလုပ်ငန်းတချို့ သဘာဝဘေးအန္တရာယ်ကြောင့် အရှုံးပေါ်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်း အာမခံလုပ်ငန်းကုမ္ပဏီများ လျော်ကြေးငွေအမြောက်အမြား ပေးလျော်ခဲ့ရသည့်အတွက် စီးပွားရေးကဏ္ဍတွင် များစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် အာရှပစိဖိတ်ဒေသများတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနစ်နာခဲ့ရသောငွေကြေးပမာဏစုစုပေါင်းသည် ၂၀၂၂ ခုနှစ်အတွင်း အာရှပစိဖိတ်ဒေသများတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနစ်နာခဲ့ရသော ငွေကြေးပမာဏထက် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အာရှပစိဖိတ်ဒေသတွင် သဘာဝဘေးအန္တရာယ်ကြောင့် လေးနှစ်ဆက်တိုက် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးကဏ္ဍမှဆုံးရှုံးနစ်နာခဲ့ရသည့်ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံတွင် တရုတ်နိုင်ငံတစ်နိုင်ငံတည်း၌ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ ဘီလီယံထိ ဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ အခြားသောနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့တွင်လည်း ဆိုးရွားသည့်သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး စီးပွားရေးကဏ္ဍက ဆုံးရှုံးနစ်နာမှုများရှိလာခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရုရှားနိုင်ငံ ယူရယ်တောင်တန်းဒေသတွင် ဆည်ကျိုးပေါက်မှုကြောင့် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရ

**မော်စကို မေ ၆**

ရုရှားနိုင်ငံ တောင်ပေါ်ဒေသမြို့တစ်မြို့ဖြစ်သော အော်ရက်မြို့အနီးရှိ ဆည်ကျိုးပေါက်မှုကြောင့် ယူရယ်တောင်တန်းဒေသတွင် နေထိုင်သော ဒေသခံထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယူရယ်တောင်တန်းဒေသတွင် မကြာသေးမီ ရက်များအတွင်းက ယူရယ်မြစ်ရေ လျှံတက်မှုကြောင့် အော်ရက်မြို့အပါအဝင် ယူရယ်တောင်တန်းဒေသများ၌ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း၊ ရေခဲများ အရည်ပျော်ကျခြင်းကြောင့် ယူရယ်မြစ်ရေလျှံတက်မှု ဖြစ်ပွားခဲ့ပြီး အော်ရင်ဘတ်ဒေသကို တာဝန်ရှိသူများက ဧပြီ ၅ ရက်က အရေးပေါ်အခြေအနေ ကြေညာခဲ့ရကာ ရေကြီးရေလျှံမှုဖြစ်ပွားသောဒေသတွင် နေထိုင်သူဦးရေ ၁၀၀၀၀ ခန့်နှင့် အိမ်ခြေ ၄၀၀၀ ခန့်ထိ ရေနစ်မြုပ်မှုကို ကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။



ထိုသို့ ရေကြီးမှုများကြောင့် အော်ရက်မြို့အနီးရှိ ဆည်ကျိုးပေါက်မှုဖြစ်ပွားခဲ့ပြီး လုပ်သားအင်အား ၄၄၀ နှင့် စက်ယန္တရားအများအပြားကို အသုံးပြု၍ ဆည်ကျိုးပေါက်မှု ဖြစ်ပွားသောနေရာတွင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရုရှားအရေးပေါ်တုံ့ပြန်ရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဆည်ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများကို အရေးပေါ်လုပ်ဆောင်လျက်ရှိကြောင်း၊ အော်ရက်မြို့အပါအဝင် လန်းနင်စကီခရိုင်နှင့် ဆိုဗက်စကီးခရိုင်တို့မှ ဒေသခံအများအပြားကို ဘေးလွတ်ရာ ယာယီနေရာထိုင်ခင်းစင်တာများသို့ ရွှေ့ပြောင်းပေးထားရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

**Ref : Russia Today**
**Trs : AZH**

# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ သေဆုံးသူနှစ်ဦးရှိပြီး ဆေးကုသမှုခံယူနေရသူဦးရေ ၅၀၀ ထက်မနည်းရှိနေ

**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် ပြီးခဲ့သည့်မတ်လကတည်းက အပူလှိုင်းဖြတ်သန်းနေပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ သေဆုံးသူနှစ်ဦးရှိပြီး ဆေးကုသမှုခံယူနေရသူဦးရေ ၅၀၀ ထက်မနည်းရှိနေကြောင်း ကာနာတာကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကာနာတာကာပြည်နယ် နေရာအနှံ့အပြားတွင် အပူလှိုင်းကြောင့် အပူချိန်မြင့်တက်ကာ အပူချိန်ပမာဏမှာလည်း ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုသည် မတ် ၁ ရက်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း ကာနာတာကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ကာနာတာကာပြည်နယ် တစ်ပြည်နယ်လုံး အပူချိန်မြင့်တက်နေပါတယ်။ အမြင့်ဆုံးအပူချိန်ဟာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေတယ်။ မလိုအပ်ဘဲ နေပူချိန်မြင့်တဲ့အချိန် အပြင်မသွားကြပါနဲ့။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွေကို လိုက်နာကြဖို့လိုအပ်ပါမယ်" ဟု ကာနာတာကာပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အစည်း (KSDMA) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

KSDMA က အပူချိန်မြင့်တက်မှုနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို သတိပေးချက်များ အဆက်မပြတ် ထုတ်ပြန်လျက်ရှိပြီး ရေအဝသောက်ရန်နှင့် ချည်ထည်အဝတ်အစားများကိုသာ ဝတ်ဆင်ရန်လည်း တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဖြစ်ပေါ်နေသည့် အပူချိန်ပမာဏသည် ခန္ဓာကိုယ်ကို လျင်မြန်စွာရေဓာတ်ခန်းခြောက်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ရေလုံလုံလောက်လောက် သောက်သုံးရန်လည်း သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



# တန်ခူးလရာသီ လွမ်းတေးသီ

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

ဟောင်းရွက်ညှာ ခါလှစ်လို့
တာသစ်ကဲ့နုံကြိုင်။
သုတ်ဖြူးလေဆော်က
ပန်းကံ့ကော်ဝတ်မှုန်ကျင်း
သင်းတဲ့လို့လှိုင်။
ကြယ်နှစ်ဆိုင်
သွယ်ပြိုင်ပဝင်း။
စိတြငယ်နှင့်
ငွေလသော်တာတို့
ယုဂန်ချာတောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း။

ဖိုးသူတော်ဦးမင်း၏ တန်ခူးလဘွဲ့ကဗျာကလေးကို ရွတ်ဆိုရင်း တန်ခူးလ၏ အငွေ့အသက်များသည် ဘုန်းဆောင်၏ရင်ထဲသို့ တငွေ့ငွေ့ဆွေးမြည့်စွာ ဝင်ရောက်လာတော့သည်။

"အစ်ကိုကြီးဘုန်းဆောင် သင်္ကြန်ပန်းအိုးထိုးဖို့ ပန်းရှာပေးအုံး။ အမေပြောခိုင်းလို့နော် ဟီးဟီး"

နှမဖြစ်သူ သီတာလှိုင်က ခနဲ့တဲ့တဲ့ စနောက်လိုက်သည်။

"ဆရာကြီးလာမလုပ်ပါနဲ့ ငါသိပါတယ်"

"ညီမလေးက ဆရာလုပ်တာမဟုတ်ပါဘူး။ ဘယ်အလုပ်ဖြစ်ဖြစ် အမြဲနောက်ကျတတ်တဲ့ အစ်ကိုကြီးကို သတိပေးနှိုးဆော်တဲ့သဘောပါ။ ဟဲ ဟဲ"

သီတာလှိုင်သည် အစ်ကိုဖြစ်သူကို မခံချင်အောင် စ၍ ပြေးထွက်သွားလေတော့သည်။ အငယ်ဆုံးကလေးမို့ သီတာလှိုင်ကို ဘုန်းဆောင် အရမ်းချစ်သည်။ ယခုလည်း ညီမဖြစ်သူက စနောက်ပြီးထွက်ပြေးသွားပုံကို ကြည့်၍ ဘုန်းဆောင် ပြုံး၍ကျန်နေခဲ့တော့သည်။

"ဟဲ့ဘုန်းဆောင် ဘယ်လိုလုပ်လိုက်တာလဲ။ တကတဲ ငါပြောကိုမပြောချင်တော့ဘူး"

အိမ်ပေါက်ဝရောက်သည်နှင့် မိခင်ဖြစ်သူက ဘုန်းဆောင်ကို အပြစ်တင်စကားဆိုလိုက်သည်။

"အမေ သား ဘာများလုပ်မိလို့လဲ။ အမေက တစ်နေ့တစ်နေ့ ဆူမယ်ဆိုတာချည်းပဲဗျာ"

ဘုန်းဆောင်သည် မိခင်ဖြစ်သူ၏ ဆူပူကြိမ်းမောင်းပြောဆိုပုံကို မနှစ်မြို့သောကြောင့် စကားအနည်းငယ် ပြန်၍ ခွန်းတုံ့ပြန်လိုက်သည်။

"အဆူမခံချင်ရင် အစကတည်းက အလုပ်ကို ပီပီပြင်ပြင်လုပ်ပေါ့ဟဲ့။ ငါ အသံထွက်လာမှ ဘာလေး၊ ညာလေးလုပ်မနေနဲ့။ အချိုးမပြေရင်တော့ ပြောရမှာပဲ"

ဘုန်းဆောင်သည် အလုပ်လုပ်ရာတွင် စေ့စပ်သေချာမှုရှိအောင် အချိုးကျကျမလုပ်တတ်။ ပြီးရင်ပြီးစလွယ်သဘောမျိုး လုပ်ကိုင်တတ်သောအကျင့်ရှိသည်။ သို့သော်လည်း အမြဲတစေမျိုးတော့မဟုတ်။ တစ်ခါတစ်ရံ ပြီးစလွယ်လုပ်ကိုင်တတ်သောအကျင့်ရှိသောကြောင့် မိခင်ဖြစ်သူက အမြဲပြောဆိုဆုံးမရခြင်းပင်ဖြစ်သည်။

(၂)

"သင်္ကြန်ပန်းအိုးကို သေသေချာချာထိုးပါလို့ ငါမှာထားခဲ့တာကို အခုတလွဲတွေလုပ်ထားတယ်"

"ဟာ. . . အမေ အဲဒါတော့များသွားပြီ။ ကျွန်တော် သင်္ကြန်ပန်းအိုးထိုးထားတယ်လေ"

"ဟဲ့ နင်ထိုးတဲ့ပန်းအိုးကိုလဲ ကြည့်အုံး။ ဘယ်မှာလဲ ဆီးခက်။ နင်ထိုးတဲ့ပန်းအိုးထဲ ဆီးခက်ပါတာတွေ့လား"

မိခင်ဖြစ်သူက ပန်းအိုးကို လက်ညှိုးထိုးပြလိုက်တော့မှ ဘုန်းဆောင်ကြည့်မိလိုက်တော့သည်။ သူထိုးထားသော သင်္ကြန်ပန်းအိုးတွင် ဆီးခက်ကျန်နေသည်ကို တွေ့ရတော့သည်။ ကိုယ့်အပြစ်ကို ကိုယ်ပြန်တွေးရင်း ဘုန်းဆောင် ပြုံး၍ရယ်လိုက်မိတော့သည်။

"ကဲ. . . မြင်ပြီလား။ ငါပြောနေတာအပြစ်လား။ နင်ဒီလိုခဏခဏလွဲတတ်လို့ နောက်ကနေ ထိန်းကျောင်းပေးမဲ့သူ ရှာပါဆိုလဲ အရိုးများသလေး ချေးခါးသလေးနဲ့။ အသက်က ၃၀ နားကပ်လာပြီ။ အခုထိကို မစွံသေးဘူး"

မိခင်ဖြစ်သူသည် သားဖြစ်သူ ဘုန်းဆောင်ကို ပြောနေကျဓာတ်ပြားဟောင်းကြီးကိုသာ ပြန်၍ဖွင့်နေတော့သည်။

"အမေကလဲဗျာ တစ်ဆိတ်ရှိ ဒီမိန်းမယူဖို့ပဲ ပြောနေတော့တာပဲ။ ကျုပ် မိန်းမယူသွားရင် အမေ့ကို ဘယ်သူလုပ်ကျွေးမှာတုံး။ ညီမလေးကလဲ အခုမှကလေးပဲရှိသေးတာ။ မဖြစ်သေးပါဘူးအမေရယ်"

"နင့်ပြောလိုက်ရင် ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့၊ ငါဘယ်တော့မြေးချီရပါ့မလဲဟယ်"

မိခင်ဖြစ်သူ၏ပြောစကားကို ပြန်၍ ခွန်းတုံ့မပြန်တော့ဘဲ ဘုန်းဆောင် ရွာထဲက သူ့လက်ဖက်ရည်ဆိုင်ကလေးသို့သာ ထွက်သွားလိုက်လေတော့သည်။

(၃)

"ကိုဘုန်းဆောင်ရေ ပေါ့ဆိမ့်တစ်ခွက်လောက်လုပ်ဗျာ။ ဆေးလိပ်တစ်ပွဲပါယူခဲ့နော်"

"အေးအေးထိုင်အုံး။ ခဏလေးစောင့်ကွာ။ ဒီကျဆိမ့်လေးဖျော်ပြီးရင် လုပ်ပေးမယ်နော်"

အုပ်ဖိုရွာကလေးတွင် ဘုန်းဆောင်၏လက်ဖက်ရည်ဆိုင်ကလေးမှာ သူ့ရွာသူ့ဓလေ့အရ စည်ကားလျက်ရှိသည်။ နံနက်ပိုင်းတွင် ထမင်းကြော်၊ မုန့်ဟင်းခါး၊ လက်သုပ်မုန့်များအပြင် အကြော်သည်များပါ သူ၏လက်ဖက်ရည်ဆိုင်ဘေးပတ်ပတ်လည်တွင် ရောင်းချကြသောကြောင့် သူ့အရပ်သူ့ဓလေ့အရ ခေတ်ဆန်ဆန်ရှိလှသည်။ နေ့လယ်ခင်းများတွင်လည်း အအေးဆိုင်များ၊ ကြံရည်ဆိုင်များနှင့် ရေခဲထုပ်စက်ရုံအသေးစားကလေးပင်ရှိသဖြင့် ယခုကဲ့သို့နွေရာသီအတွက်အတော်ပင်အဆင်ပြေလှသော ရွာကလေးပင်ဖြစ်သည်။

"ခိုင်ဦး တို့ရွာဘက်မရောက်ဖြစ်တာကြာပြီနော်။ အလုပ်အကိုင်တွေဘာတွေကော အဆင်ပြေရဲ့လားကွ"

ခိုင်ဦးမှာထားသော ပေါ့ဆိမ့်ကို လာချပေးရင်း ဘုန်းဆောင် ခိုင်ဦးကို မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုပါပဲသူငယ်ချင်းရာ ခနိုကုန်သည်ဆိုတော့ ရာသီခွင်ကလေးကြည့်ပြီး အချိန်ကိုက်အလုပ်လုပ်ရတာလေ။ ဒီနှစ်တော့ မျိုးမျိုးမြတ်မြတ်သိပ်မကျန်ပါဘူးကွာ။ ခြံတွေကလဲ အရင်လိုခြံကောင်းတွေ သိပ်မရှိတော့ဘူးကွ။ စားစားသောက်သောက်ဝါးဝါးမျိုမျို ပါပဲကွာ။ ဒါနဲ့ ဒီနှစ်သင်္ကြန် မင်းတို့ရွာမှာ စုပေါင်းဒုလ္လဘခံပွဲရှိတယ်ဆို ဟုတ်လားကွ"

"အေးဟုတ်တယ်ကွ။ ဘာလဲ မင်းကဝတ်ချင်လို့လား"

ဘုန်းဆောင်သည် ခိုင်ဦးကို ရယ်ပြုံးပြုံးဖြင့် စလိုက်သည်။

"ငါ့ကောင်ရေ ငါက သားနဲ့ သမီးနဲ့ မဝတ်နိုင်သေးပါဘူးကွာ။ မင်းလိုသာ လူပျိုလူလွတ်ဆိုရင်တော့ ဝတ်ဖြစ်မယ်ထင်ပါတယ်ကွာ"

ခိုင်ဦးလဲ မိမိကို ဒီဘူတာချည်းသာဆိုက်သောစကားကိုပြောနေသောကြောင့် လက်ဖက်ရည်ခွက်ကိုသာ ချပေးပြီး အသာထွက်လာလိုက်တော့သည်။

(၄)

တန်ခူးလ၏နွေအပူက ဘုန်းဆောင်၏ လက်ဖက်ရည်ဆိုင်ကလေးကို ပူအိုက်စေတော့သည်။ နေအပူချိန် အနည်းငယ်မြင့်တက်သောကြောင့် ရွာထဲရှိ လူတချို့လည်း ဘုန်းဆောင်၏ လက်ဖက်ရည်ဆိုင်တွင် တွဲ၍ဖွင့်ထားသော အအေးဆိုင်ကလေးမှ အအေးများ လာရောက်၍ သောက်သုံးကြသည်။

"ဒီလောက်နေပူနေတာကိုကွာ ဦးထုပ်မပါ၊ ဘာမပါနဲ့ လမ်းလျှောက်လာရတယ်လို့ကွာ"

ဆိုင်အတွင်းရှိ စားသုံးသူတစ်ဦးက အဝေးမှ လမ်းလျှောက်လာသောသူကိုကြည့်၍ ညည်းတွားလိုက်ခြင်းဖြစ်သည်။ နေပူကြီးထဲမှလျှောက်လာသော ထိုသူသည် ဘုန်းဆောင်၏ လက်ဖက်ရည်ဆိုင်သို့ တည့်တည့်မတ်မတ်ဝင်လာတော့သည်။

"ဟောဗျာ ဘယ်သူတုံးလို့ကြည့်နေတာ သာယာအေးရွာက သန့်လွင်ပဲ"

"ဟေ့ကောင် သန့်လွင် ငါ မြင့်မောင်လေကွ"

မြင့်မောင်၏ မထင်မှတ်သော နှုတ်ဆက်စကားကြောင့် သန့်လွင် မြင့်မောင်ဘက်သို့ သေချာစွာလှည့်၍ကြည့်လိုက်သည်။

"ဟာ. . . မြင့်မောင် အတော်ပဲကွာ။ ငါလဲ ဒီရွာတစ်ခါမှ မရောက်ဖူးဘူးကွ။ မိန်းမလုပ်သူက ဒီရွာက စုပေါင်းဒုလ္လဘခံပွဲမှာ ရဟန်းဝတ်ဖို့ တိုက်တွန်းတာနဲ့ မေးစမ်းပြီး ရောက်လာတာ"

ဘုန်းဆောင် ထိုဧည့်သည်နှင့် မြင့်မောင်တို့ ပြောဆိုနေသောစကားများကို အသာကလေးငြိမ်သက်စွာ နားထောင်နေလိုက်သည်။

"ဟဲ့ ဘုန်းဆောင် အေးချမ်းတို့အဖွဲ့ မနေ့ကအိမ်လာသေးတယ်။ သင်္ကြန်ယိမ်းတိုက်ဖို့ မနက်လာခဲ့ပါအုံးလို့ နင့်ကို မှာသွားတယ်"

မိခင်ဖြစ်သူ၏ ပြောစကားကို နားထောင်ပြီး ဘုန်းဆောင် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့အမေ။ သား ညနေဆိုင်စောစောသိမ်းပြီး သွားလိုက်မယ်"

ထို့နောက် ဘုန်းဆောင်သည် မြင့်မောင်နှင့် ဧည့်သည်စကားပြောနေသောဆီသို့ အာရုံရောက်သွားပြန်သည်။

"ဒါနဲ့ငါ့ကောင်ရ မင်းက ငါတို့ရွာသူနဲ့ယူလိုက်တာဆိုတော့ တို့ရွာအလှူပွဲ လာရမှာပေါ့ကွ"

မြင့်မောင်သည် ရယ်မော၍ ဧည့်သည်ကို ပြောဆိုလိုက်သည်။

"ဒါကြောင့်မို့လဲ ငါအရောက်လာရတာပေါ့ မြင့်မောင်ရာ"

"ဒါနဲ့ မင်း တို့ရွာသူနဲ့ ဘယ်လိုများအကြောင်းပါခဲ့တာလဲ။ ပြောစမ်းပါအုံးကွ"

"ဒီလိုသူငယ်ချင်းရေ. . . သူနဲ့ငါက သူငယ်ချင်းတွေကွ။ မြို့မှာကျောင်းတက်တုန်းက တစ်ခန်းထဲသားတွေပေါ့ကွာ။ ကျောင်းတွေပိတ်တော့ ကိုယ့်ရပ်ကိုယ်ရွာကို အကုန်ပြန်ကြရတာပေါ့ကွာ။ သင်္ကြန်ကျရင် ရွာကိုအလည်လာပါအုံးဆိုပြီး ဖိတ်တာနဲ့ ငါမင်းတို့ရွာကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က တစ်ခါရောက်ဖူးတယ်လေကွာ။ မင်းတို့ရွာက သင်္ကြန်ယိမ်းအဖွဲ့က ဒီနယ်တစ်ဝိုက်မှာ အကကောင်းဆိုတော့ ငါ လာကြည့်ဖြစ်တယ်ကွ။ အဲဒီမှာ သူနဲ့ငါ အကြောင်းပါတော့တာပါပဲကွာ"

"ဇာတ်ရှိန်တက်လာပြီငါ့ကောင်ရ ဆက်ပြောပါအုံး"

"မင်းတို့ရွာက သင်္ကြန်ယိမ်းအဖွဲ့က မခင်သူနဲ့ငါ စကားလက်စုံကျဖြစ်တယ်။ ထွေရာလေးပါးပြောကြပြီး သူလဲ ဇာတ်ခုံပေါ်တက်သွားတော့တာပဲကွ။ ပြိုင်ပွဲက စတော့မှာဆိုတော့ သိပ်ကြာကြာမပြောဖြစ်လိုက်ပါဘူးကွာ"

ဧည့်သည်သည် မြင့်မောင်ကို ပြောပြနေရသည့်အတွက် အာခေါင်အနည်းငယ်ခြောက်သွေ့လာဟန်ရှိသောကြောင့် ရေနွေးတစ်ခွက်ကိုငှဲ့၍ မှုတ်သောက်လိုက်သည်။

"ဒီလိုနဲ့ ကျောင်းတွေပြန်ဖွင့်တော့ သူနဲ့ငါပြန်ဆုံပြီး သူ့ကို ရည်းစားစကားစပြောဖြစ်တယ်။ သူကလဲ ငါ့ကို ချက်ချင်းကြီးအဖြေပြန်ပေးတာကွ။ ငါလဲ အဲဒါကိုသိချင်နေတာ။ သူကလဲ ငါမေးတိုင်းငွေ့ပတ်ပြီး ပြောနေတာ။ ငါလဲ နောက်တော့မမေးတော့ပါဘူးကွာ။ ဒါနဲ့နေလိုက်တာ အခုနှစ်သင်္ကြန်ကျတော့ သူက ငါ့ကို သူ့ဘာဖြစ်လို့ အဖြေချက်ချင်းပေးရတဲ့

စာမျက်နှာ ၂၅ သို့ ➤

# ကျောင်းကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၅၅၅ ဧက နုတ်သိမ်းပြီးစီး



**ကျုံပျော် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မြေပဲ ၁၅၅၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၅၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မြေပဲများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ မြေပဲတစ်ဧကလျှင် ၆၈ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထား စိုက်တာဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၅၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲအပါအဝင် ဆောင်းသီးနှံများလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါ ကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေး

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Myanmar Citizens Pay တို့ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေများကို Mobile Financial Payment စနစ်အသုံးပြု၍ ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Citizens Pay မှ တာဝန်ခံ ဦးနေမျိုးအောင်က ငွေထုတ်ပေးမည့်ပုံစံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Manual Cash-Based အစား Mobile Financial Payment စနစ် အသုံးပြု၍ ကြို့ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း(နှမ်း၊ နေကြာ)လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၂၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**



➤ စာမျက်နှာ ၂၄ မှအဆက်

အကြောင်း ပြောပြပါလေရောကွာ"

ညွှန့်သည်သည် သောက်လက်စ လက်ကျန်ရေနွေးခွက်ကိုမော့သောက်ရင်း ခေတ္တခဏငြိမ်နေလိုက်သည်။

"ငါ့ကောင်လုပ်ပါကွ။ ဇာတ်ရှိန်တက်ခါမှာ မင်းက မီးဖြတ်လိုက်သလိုပဲ။ ဆက်ပြောပါအုံးကွ"

"ဒီလိုသူငယ်ချင်းရေ. . . သူတို့ရွာကိုလာတုန်းက သူသင်္ကြန်ယိမ်းကတော့ ရွာပေါင်းစုံက သင်္ကြန်ယိမ်းလာပြိုင်ကြတဲ့သူတွေလဲ ရှိတယ်လေ။ ပြိုင်ပွဲစခါနီး သူ့ဖိနပ်က ပြတ်သွားပါလေရောကွာ။ သူ့အိမ်ကလူတွေကလဲ သင်္ကြန်ယိမ်းလာကြည့်တဲ့အဖွဲ့ထဲမှာဆိုတော့ သူလိုက်ရှာဖို့ကလဲ ခက်နေတယ်လေ။ ပိုက်ဆံကလဲ အဲဒီနေ့ကျမှ သူက သိပ်ယူမလာဘူးလေ။ ဖိနပ်ဝယ်စီးဖို့ အခက်တွေ့နေတာပေါ့။ ဒါနဲ့ သူ့ပိုက်ဆံအိတ်ထဲမှာ ချောင်ကပ်ပြီး ရှိလိုရှိငြားသူရှာကြည့်လိုက်တော့ ငွေငါးထောင်တွေ့တယ်တဲ့။ အဲဒီငွေငါးထောင်က ငါထည့်ပေးလိုက်တယ်ထင်ပြီး ငါ့ကိုကျေးဇူးတင်သွားတာဆိုပဲကွ။ တကယ်တော့ ငါလဲ သူ့ပိုက်ဆံအိတ်ထဲ ငွေငါးထောင်ထည့်မပေးခဲ့ဖူးဘူးကွ"

ဘုန်းဆောင်သည် ညွှန့်သည်၏ပြောစကားများကို နားထောင်ရင်း လက်ဖက်ရည်ဖျော်ခွက် လက်ထဲမှပြုတ်ကျသွားလေတော့သည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ကျေးရွာယိမ်းအဖွဲ့များပြိုင်ပွဲတွင် သူပိုးပန်းခဲ့သော မိန်းကလေး၏ပိုက်ဆံအိတ်ထဲသို့ မသိမသာ ငွေငါးထောင်ထည့်ပေးလိုက်ပုံကို ပြန်မြင်ယောင်လာမိတော့သည်။ ထိုစဉ် အုပ်ဖိုရွာအခြေခံပညာမူလတန်းကျောင်းကလေးတွင် ယိမ်းတိုက်နေကြသောလူငယ်များဆီမှ သင်္ကြန်သီချင်းလေးတစ်ပုဒ် ပျံ့လွင့်လာတော့သည်။

"ရှာပုံတော်မင်းသားကြီး မဏ္ဍပ်တကာရောက်ခဲ့ပြီ. . ." သီချင်းသံကြားသည်နှင့် ဘုန်းဆောင်လည်း ကောက်ခါငင်ကာ စကားဆိုလိုက်သည်။

"အမေရေ ဒီနှစ်သင်္ကြန်ပြီးရင်တော့ ကျုပ် မိန်းမယူတော့မယ်ဗျာ"

## စကားဆိုရာ ချိုသာပါ

\- နှုတ်ပလီ ရန်တွေပွားလို့
တွေးစဉ်းစား ချစ်မိတ်ဆွေ၊
နားမဝင် ဆုံးမခက်
ကျင့်ပျက်ပြင်လေ၊
မျက်မုန်းကျိုး အမြင်ကတ်ပေ
ကင်းအောင်နေ မပေါင်းဘဲ၊
သည်းခံကာ ရှောင်လို့ထွက်ကွဲ့
ထိုးနှက်လူထဲ။

\- မှန်ပါစေ ကျိုးကြောင်းကွဲ
သူ့စိတ်ထဲ မခံသာ၊
မပြောဆို ထိန်းကွယ်ဝှက်လို့
ပင့်သက်ရှိုက်ပါ၊
ပျော်နေငြား လမ်းမှားမှာ
ချိုသာစွာ လမ်းမှန်ပြ၊
လက်ခံအောင် စကားကောင်းလို့
တိမ်းစောင်းပြင်ကြ။

\- စိတ်ချမ်းသာ ပြေလည်ရ
သည်လောက လှပမည်၊
သဘောဖြူ စိတ်ထားမြတ်တော့
လူတပ်မက်သည်၊
မာန်ဝင့်ဝါး ဒေါနှင့်ချည်
မှောင်ကိုရည် ဘယ်မလွဲ၊
သဘောတူ ပြေလည်မှုဖြင့်
တောင်းဆုအေးမြဲ။ ။

**နှယ်ပင်ပျို**

# မင်းလှမြို့နယ် ပဒေသာကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ မေ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာအုပ်စု ပဒေသာကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများသည် ပဒေသာကုန်းကျေးရွာ လမ်းကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လမ်းအရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေသန့်စင်စက်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ပဒေသာကုန်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တည်ဆောက်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂၂ ဒသမ ၂၈၅၂၆ သန်းမှ ငွေကျပ် ၈ ဒသမ ၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မတ် ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

**သန်းသန်းရိုး**

# လောဘ၏သားကောင်များ မဖြစ်စေဖို့

**လင်းလက်**

**စစ်မှန်သောချမ်းသာခြင်း**

လူတိုင်းပျော်ရွှင်ချင်ကြသည်။ ချမ်းသာချင်ကြသည်။ ချမ်းသာချင်သဖြင့် စီးပွားဥစ္စာရှာဖွေကြသည်။ ရှာဖွေစုဆောင်းရရှိသောပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်ပူပန်ကြရသည်။ ပစ္စည်းဥစ္စာဟူသည် ကံဆိုးမိုးမှောင်ကျသည့်အခါ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးရတတ်သည်။ သန့်ရှင်းမွန်မြတ်သော အသက်မွေးဝမ်းကျောင်းဖြင့် ရှာဖွေအပ်သော ပစ္စည်းဥစ္စာများသည်သာ တည်မြဲတတ်သည်။ လောကတွင် ချမ်းသာခြင်းကို ရရှိနိုင်ရေးအတွက် ပစ္စည်းဥစ္စာများ ရှာဖွေတတ်ကြသည်မှာ အပြစ်ဟုမဆိုနိုင်ပေ။ မိမိ ရှာဖွေအပ်သော ပစ္စည်းဥစ္စာများသည် မိမိ၏စိတ်ကို ပျော်ရွှင်ကြည်နူးစေသကဲ့သို့ အခြားသူများ၏စိတ်နှင့် ဘဝကို ပျော်ရွှင်ကြည်နူးမှုပေးစေနိုင်သည့် ပစ္စည်းဥစ္စာများဖြစ်မှသာ စစ်မှန်သော ချမ်းသာခြင်းဖြစ်နိုင်မည်ဖြစ်သည်။

"ချမ်းသာခြင်း"ဆိုသည်မှာ "ကိုယ်၊ စိတ် ဆင်းရဲမှုကင်းခြင်း၊ အနှောင့်အယှက်ကင်းခြင်း၊ ပစ္စည်းဥစ္စာပေါများကြွယ်ဝခြင်း"ဟု အဓိပ္ပာယ်ရသည်။ လောကသဘာဝအရ လူတိုင်းသည် ကိုယ် စိတ် နှစ်ပါးစလုံးတွင် ပျော်ရွှင်မှုကို ရယူလိုကြသည်။ မိမိ၏ပျော်ရွှင်မှုကို ရယူနိုင်ရန်အတွက် တစ်ပါးသူတို့၏စိတ်ကို အနှောင့်အယှက်ဖြစ်စေမည်ဆိုပါက တရားမျှတမှုရှိမည်မဟုတ်ပေ။ ထို့အတူ မိမိအတွက် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရာတွင်လည်း မတရားရယူခြင်း၊ ခိုးယူခြင်း၊ လိမ်လည်ခြင်း စသည့်မကောင်းမှုများဖြင့် ရှာဖွေကာ အခြားသူများ၏ မျက်ရည်စက်တို့ဖြင့် ပြည့်နှက်နေမည်ဆိုပါက စစ်မှန်သောပစ္စည်းဥစ္စာမဖြစ်နိုင်ပေ။ စစ်မှန်သော ချမ်းသာခြင်းကို ရယူနိုင်ရေးအတွက် ပစ္စည်းဥစ္စာ ရှာဖွေရာတွင် မိမိ၏စိတ်ကိုသာမက အခြားသူများ၏ စိတ်ကိုပါ ပျော်ရွှင်စေမည့် အသက်မွေးမှုမျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းကြရန်လိုအပ်သည်။

**လောဘ၏နောက်သို့ မလိုက်သင့်**

လူတို့သည် လိုချင်မက်မောခြင်း၊ တပ်မက်ခြင်းတို့ မကင်းနိုင်ကြသဖြင့် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းကြရာတွင် လောဘတရားများကို တတ်နိုင်သမျှ ထိန်းသိမ်းအပ်သည်။ ဘဝအောင်မြင်ရေးစာပေများတွင် အောင်မြင်ချမ်းသာသောဘဝကို ရယူလိုသူတိုင်းသည် အချိန်ရှိတိုင်းလုံ့လစိုက်ကာ ပစ္စည်းဥစ္စာများကို ရှာဖွေအပ်သည်ဟု ညွှန်ပြရေးသားကြသည်။ မိမိခွန်အား စိုက်ထုတ်လိုက်သည်နှင့်ညီမျှသည့် ရသင့်ရထိုက်သော ပစ္စည်းဥစ္စာဖြင့်သာ ချမ်းသာခြင်းအမှုကို ဖန်တီးရယူအပ်သည်။ မတော်လောဘဖြင့် တရားမျှတမှုကင်းသော ရှာဖွေခြင်းတို့ဖြင့် အသက်မွေးခြင်းမပြုအပ်ပေ။ မိမိကိုယ်တိုင်က လောဘကင်းကင်းဖြင့် ပစ္စည်းဥစ္စာရှာဖွေခြင်းကို ပြုလုပ်တတ်သည်ဟုဆိုသော်လည်း အခြေအနေအရပ်ရပ်ကြောင့် လောဘတက်မိသည့်ဖြစ်ရပ်များလည်း ရှိတတ်သည်။

လူတို့၏လောဘကို နှိုးဆွအပ်သော ဖြစ်ရပ်များတွင် သတိပြုဆင်ခြင်အပ်သည့် အရာတစ်ခုမှာ 'တံစိုးလက်ဆောင်'ပင်ဖြစ်သည်။ လက်ဆောင်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး မေတ္တာဖြင့်ပေးအပ်သော ပစ္စည်းဖြစ်သဖြင့် လောဘတရားဖြစ်စရာ အကြောင်းမရှိဟု ဆိုနိုင်သည်။ မြန်မာ့ရိုးရာဓလေ့စရိုက်များတွင် ချစ်ကြည်ရင်းနှီးမှုကိုအခြေတည်ကာ တစ်ဦးနှင့်တစ်ဦး မေတ္တာကိုအရင်းတည်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်လေ့ရှိသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးအတွက် အပြန်အလှန် လက်ဆောင်ပဏ္ဏာ ပေးအပ်လေ့ရှိသည်မှာလည်း သံတမန်ဆက်ဆံရေးတွင် မရှိမဖြစ်လိုအပ်သည့်အရာပင်ဖြစ်သည်။

**လက်ဆောင်ဟုဆိုရာတွင်**

မေတ္တာဖြင့်ပေးအပ်ခြင်းမဟုတ်ဘဲ အခြားသော အကျိုးစီးပွားရယူလိုခြင်းကြောင့် ပေးအပ်သည့်အခါ လက်ဆောင်မှသည် တံစိုးလက်ဆောင်ဆိုသည့် မကောင်းသည့်ဘက်သို့ ဦးတည်သွားတတ်သဖြင့် သတိပြုအပ်သည်။ မိမိ၏ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ယိုင်နဲ့သွားစေကာ မှန်ကန်သည့်လမ်းကြောင်းမှ သွေဖည်စေနိုင်သည့်အရာများစွာအနက် လာဘ် သို့မဟုတ် တံစိုးလက်ဆောင်ကိုလည်း သတိပြုဆင်ခြင်ကြရန်လိုအပ်သည်။ တံစိုးဆိုသည်မှာ မိမိအလိုသို့ပါစေလို၍ ပေးသောလက်ဆောင်။ လာဘ်ဟုအဓိပ္ပာယ်ဖွင့်ဆိုထားပြီး လာဘ်

❖ လူတို့သည် လိုချင်မက်မောခြင်း၊ တပ်မက်ခြင်းတို့ မကင်းနိုင်ကြသဖြင့် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းကြရာတွင် လောဘတရားများကို တတ်နိုင်သမျှ ထိန်းသိမ်းအပ်သည်။ ဘဝအောင်မြင်ရေးစာပေများတွင် အောင်မြင်ချမ်းသာသောဘဝကို ရယူလိုသူတိုင်းသည် အချိန်ရှိတိုင်းလုံ့လစိုက်ကာ ပစ္စည်းဥစ္စာများကိုရှာဖွေအပ်သည်ဟု ညွှန်ပြရေးသားကြသည်။ မိမိခွန်အားစိုက်ထုတ်လိုက်သည်နှင့်ညီမျှသည့် ရသင့်ရထိုက်သော ပစ္စည်းဥစ္စာဖြင့်သာ ချမ်းသာခြင်းအမှုကို ဖန်တီးရယူအပ်သည်။ မတော်လောဘဖြင့် တရားမျှတမှုကင်းသောရှာဖွေခြင်းတို့ဖြင့် အသက်မွေးခြင်း မပြုအပ်ပေ။❖

ဆိုသည်မှာ မြန်မာအဘိဓာန်အလိုအရ အကျိုးကို မျှော်၍ပေးသော ငွေကြေးပစ္စည်းဟုလည်းကောင်း၊ ရရှိသောဥစ္စာပစ္စည်းဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

မြန်မာတို့၏ ချစ်စရာယဉ်ကျေးမှု အစဉ်အလာတစ်ခုတွင် မိမိထက်အသက်ရွယ်ကြီးသူ၊ ရာထူး၊ ဂုဏ်ထူးကြီးသူ အစရှိသဖြင့် အလေးအမြတ် ပြုထိုက်သော အရိုအသေပေးထိုက်သောလူများကို ဂါရဝပြုခြင်း၊ ဒေသထွက် စားကောင်းသောက်ဖွယ်များကို လက်ဆောင်ပေးအပ်ခြင်း စသည့်ဓလေ့စရိုက်များရှိသည်။ "လက်ဆောင်"ဆိုသည့် အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "မေတ္တာနှင့်ပေးသောပစ္စည်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ သီတင်းကျွတ်ဂါရဝပြုလက်ဆောင်၊ နှစ်သစ်ကူးဂါရဝပြုလက်ဆောင်၊ ဒေသထွက်ပစ္စည်းလက်ဆောင် အစရှိသည့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း ဂါရဝထား အလေးအမြတ်ပြု ကန်တော့ခြင်းအစဉ်အလာများကို တလွဲလုပ်ကာ အခွင့်အရေးတစ်ခုရယူလို၍ လက်ဆောင်ပေးခြင်း၊ လက်ခံရယူခြင်းတို့ ဆောင်ရွက်မိပါက မေတ္တာဖြင့်ပေးအပ်သော လက်ဆောင်သည် အဂတိလိုက်စားမှုအလို့ငှာပေးသော၊ လက်ခံသော တံစိုးလက်ဆောင်ဖြစ်တတ်သဖြင့် သတိချပ်ရန် လိုအပ်သည်။

**သတိပြုအပ်သည့် ဘာရာဇာတ်**

ယေဘုယျအားဖြင့် စိတ်ဓာတ်တည်ကြည်သော ခေါင်းဆောင်တစ်ဦးသည်ပင်လျှင် လက်ဆောင်ရယူမိသည့်အခါ အဂတိလိုက်စား၍ ဆုံးဖြတ်မိ လုပ်ဆောင်မိတတ်သဖြင့် လက်ဆောင်လက်ခံခြင်းကို ကျင့်ဝတ်သိက္ခာနှင့်ချိန်ဆ၍ ဆောင်ရွက်သင့်သည်။ အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံကာ သမာဓိအားကောင်း၍ တရားတို့၌သာ မွေ့လျော်နေတတ်သော ရသေ့၊ ရဟန်းတို့ပင် လောဘကြောင့် အမှား၊ အမှန် ပိုင်းခြားနိုင်စွမ်းမရှိဘဲ မိမိရယူလိုသည့် အခွင့်အရေးအတွက် တံစိုးလက်ဆောင်ပေးခဲ့မိသည့် ဖြစ်ရပ်ကို ဆင်ခြင်မိစေရန်တင်ပြလိုသည်။ ဘာရုတိုင်းပြည်တွင် ဘာရုမင်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့အပေါင်း ခြံရံလျက် ဟိမဝန္တာတောနက်အတွင်းတွင် တရားကျင့်ကြံနေထိုင်လျက်ရှိသည်။ ဘုရားလောင်းရသေ့သည် နောက်လိုက်နောက်ပါများ ရသေ့များ ခြံရံလျက် အာဟာရမှီဝဲနိုင်ရန်အတွက် ဘာရုမြို့အတွင်း ဆွမ်းခံကြွကာ မြို့၏မြောက်ဘက်တံခါးအနီး ပညောင်ပင်ကြီးအောက်တွင် ခေတ္တသီတင်းသုံး၍ ဆွမ်းဘုဉ်းပေးလေ့ရှိသည်။ အခြားရသေ့တစ်ပါးကလည်း နောက်လိုက်နောက်ပါ ရသေ့များနှင့်အတူ မြို့၏တောင်ဘက်တံခါးအနီးရှိ ပညောင်ပင်ကြီးအောက်တွင် ခေတ္တသီတင်းသုံး၍ ဘာရုမြို့အတွင်း ဆွမ်းခံကြွလေ့ရှိသည်။

တောင်ဘက်တံခါးအနီးရှိ ပညောင်ပင်ကြီးသည် အကြောင်းအမျိုးမျိုးကြောင့် ညှိုးနွမ်းသေဆုံးသွားသည့်အခါ အဆိုပါ အပင်အောက်တွင် သီတင်းသုံးကာ ဘာရုမြို့တွင်း ဆွမ်းခံကြွလေ့ရှိသည့် ရသေ့တို့သည် ဘုရားလောင်းတို့ သီတင်းသုံးရာ မြောက်ဘက်တံခါးအနီးရှိ ပညောင်ပင်ကြီးအောက်သို့ လာရောက်သီတင်းသုံးကြသည်။ ဘုရားလောင်းရသေ့နှင့် နောက်လိုက်နောက်ပါများ ရောက်လာသည့်အခါ သီတင်းသုံးစရာမရှိသဖြင့် အချင်းများကြရာက နောက်ဆုံးတွင် ဘာရုမင်းထံသို့ ရောက်ရှိသွားသည်။ ဘာရုမင်းကြီးက မှန်ကန်တည့်မတ်စွာ ဆုံးဖြတ်၍ ကနဦး သီတင်းသုံးခဲ့သည့် ဘုရားလောင်းတို့ ရသေ့အစုအဖွဲ့ကို အနိုင်ပေးခဲ့သည်။

ပညောင်ပင်အောက်တွင် သီတင်းသုံးခွင့်မရခဲ့သည့် ရသေ့တို့ကမကျေနပ်သဖြင့် တံစိုးလက်ဆောင်အနေဖြင့် စကြဝတေးမင်းတို့ သုံးစွဲအပ်သော ရထားချိုင့်တစ်ခုကို တန်ခိုးဖြင့်ရယူ၍ ဘာရုမင်းကြီးကို လာဘ်ထိုးလိုက်သည်။ ဘာရုမင်းကြီးလည်း လောဘတရားဖုံးလွှမ်းကာ တံစိုးလက်ဆောင်ကို လက်ခံလိုက်မိသည့်အခါ မှားယွင်းစွာဆုံးဖြတ်၍ အမှုကိုပြောင်းပြန်လှန်ကာ ရသေ့အားလုံး နေခွင့်ရှိသည်ဟုဆုံးဖြတ်လိုက်မိပြန်သည်။ ဘုရားလောင်းရသေ့နှင့်အဖွဲ့က မကျေနပ်သဖြင့် ဘာရုမင်းကြီးထံသို့သွားကာ ရထားလှည်းဘီးကို တံစိုးလက်ဆောင်အနေဖြင့်ပေး၍ အမှုကို ပြန်လည်ပြင်ဆင် ဆုံးဖြတ်ရန် လာဘ်ထိုးလိုက်ပြန်သည်။ မင်းကြီးလည်း အမှုကိုအစသို့ပြန်သွားကာ ကနဦးအစနေခဲ့သည့် ဘုရားလောင်းရသေ့တို့ကို အနိုင်ပေးပြန်သည်။ ထိုအခါ ဘုရားလောင်းရသေ့က သံဝေဂရကာ "လောဘ၊ ဒေါသ အစရှိတဲ့ မကောင်းတဲ့အရာကို စွန့်ပယ်ရမဲ့ ရသေ့တွေဖြစ်နေသဖြင့် ခေတ္တတည်းခိုရမဲ့ သစ်ပင်တစ်ပင်အတွက် လောဘတက်ကာ တံစိုးလက်ဆောင်ပေးပြီး မတရားတဲ့အမှုကိုမပြုသင့်"ဟုဆင်ခြင်ကာ ဟိမဝန္တာသို့ ပြန်ကြွသွားခဲ့သည်။

မင်းကြီးသည် တံစိုးလက်ဆောင်လက်ခံ၍ ရသေ့ရဟန်းတို့ကို စိတ်ဝမ်းကွဲကာ သင်းခွဲစေသဖြင့် ဘာရုတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်အပ်သော နတ်အပေါင်းတို့က ဒေါသထွက်သည့်အနေဖြင့် ယူဇနာသုံးရာမျှကျယ်ဝန်းသော ဘာရုတိုင်းကို သမုဒ္ဒရာအောက်သို့ ကျရောက်စေလိုက်သည်။ လောဘဖြင့် တံစိုးလက်ဆောင်လက်ခံ၍ ဘက်လိုက်ဆုံးဖြတ်ခဲ့သည့် လုပ်ရပ်တစ်ခုကြောင့် တိုင်းပြည်ပင်ပျက်စီးရသဖြင့် ဆင်ခြင်သင့်ပေသည်။ "မမွှသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်"ဟု တောင်ဖီလာဆရာတော်ကြီးက လောကသဘာဝဆုံးမစာတွင် ဆုံးမထားသဖြင့် တံစိုးလက်ဆောင်သည် သာမန်လူပုဂ္ဂိုလ်များအတွက် ပို၍သတိထားအပ်သည်။ ညောင်ပင်သာဦးပုည၏ သုတရတနာဆုံးမစာတွင် "တံစိုးလိုက်စား၊ သူမိုက်များ၊ တရားမမှန် ကွက်တတ်သည်"ဟု ဆုံးမထားသည်ကိုလည်း တွေ့ရပြန်သည်။

**တံစိုးလက်ဆောင် သတိနှင့်ရှောင်**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) (၁) တွင် အဂတိလိုက်စားမှုဆိုသည်မှာ "မည်သူမဆို ရာထူးတာဝန်ကိုအလွဲသုံးစားပြု၍ ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့်ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ပုဒ်မ ၃ (ခ) တွင် "တံစိုးလက်ဆောင်ဆိုရာတွင် အဂတိလိုက်စားမှုအလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့်တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များလည်း ပါဝင်သည်"ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မေတ္တာဖြင့် ပေးကမ်းခြင်းမျိုးမဟုတ်ဘဲ အဂတိလိုက်စားမှုအလို့ငှာ ပေးကမ်းသော တံစိုးလက်ဆောင်ကို လက်ခံမိမည်ဆိုပါက ဥပဒေအရ အရေးယူခြင်းကို ခံရနိုင်သည်။ တစ်ဖက်တွင်လည်း တံစိုးလက်ဆောင်ပေးသူ၏ လိုအပ်ချက်များနှင့်အညီ လုပ်ကိုင်မိသော ဆုံးဖြတ်ချက်များသည် "ဖြောင့်မတ်တည်ကြည်ခြင်း၊ လွတ်လပ်စွာရပ်တည်နိုင်ခြင်း၊ တာဝန်ယူခြင်း၊ မျှတခြင်း စသည့်စံနှုန်းများကိုသွေဖည်ကာ ဘက်လိုက်ဆုံးဖြတ်တတ်သဖြင့် အမှန်တရားတို့ ပျောက်ကွယ်သွားနိုင်သဖြင့် သတိပြုဆင်ခြင်သင့်ပေသည်။ မိမိ၏ချမ်းသာမှုအတွက် လောဘတရားကြောင့် တံစိုးလက်ဆောင်လက်ခံမိပါက ကိုယ်တိုင်သာမက အခြားသူများကိုပါ ထိခိုက်စေသဖြင့် လောဘ၏သားကောင်များမဖြစ်စေရေး သတိပြုဆင်ခြင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ။**
- **ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ။**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ။**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ပုစွန်မျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ပုစွန်မျိုးစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခွေးခွေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ဒေသမှထွက်ရှိသည့် ပုစွန်များကို ဝယ်ယူပြီးစနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလက ပုစွန်မျိုးစုံ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်မျိုးစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ဖျာပုံမြို့နယ်က ရေထွက်ကုန်တွေတင်ပို့ရောင်းချတဲ့ ဈေးကွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့မတ်လအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ရန်ကုန်ဈေးကွက်က ဖျာပုံမြို့နယ်ကပုစွန်တွေ ဝယ်လိုအား ကောင်းနေတာကြောင့် တင်ပို့ရောင်းချအားကလဲ တက်ခဲ့တာပါ။ မတ်လအတွင်း ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ထဲကို ကုန်ချိန်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ပစ္စည်းတွေတင်ပို့ရောင်းချတဲ့သူတွေလဲအလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်" ဟု ဒေါ်ခွေးခွေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဈေးနှုန်းများသည် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ မှ ၁၆၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၇၅၀၀၊ ပုစွန်တုပ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၅၀၀မှ ၃၅၅၀၀ စသည်ဖြင့် အရွယ်အစားအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ကံသာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဇွန် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကံသာကျေးရွာအုပ်စု ကံသာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ကံသာကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၉၅၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၈၀၈၂ ဧက ရိတ်သိမ်းပြီးစီး

**ထီးချိုင့် ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၈၀၈၂ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၀၈၂ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၃ ဒသမ ၄၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ နှမ်း ၈၀၈၂ ဧကထိ စိုက်ပျိုးထားတယ်။လက်ရှိမှာလဲ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်း အနေနဲ့ ကောင်းမွန်ကြပါတယ်။ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့လဲအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တယ်။ နှမ်းကို ဆောင်းမှာအဓိကထားစိုက်ပျိုးပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။



ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းဧက ၈၀၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၈၀၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်

ထီးချိုင့်မြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် မိုးညိုလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မိုးညိုလေးကျေးရွာနှင့် ကိုးတောင်မကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက မိုးညိုလေးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ အသင်းသား၊ အသင်းသူများလိုက်နာရမည့်စည်းကမ်းချက်များကို ပြောကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေမာမာအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မိုးညိုလေးကျေးရွာနှင့် ကိုးတောင်မကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၁ ဦးကို ငွေကျပ် ၃၂ ဒသမ ၄၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၁ ဒသမ ၈၃ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၂၆ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၂၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅၆ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# စဉ့်ကူးမြို့နယ် ကျောင်းဆိပ်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းဆိပ်ကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဇွန် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းလင်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး ကျောင်းဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထားမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၉ ဦးကို ငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းဦးကို**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# အပူပြင်းသောနွေအခါ သတိပြုဖွယ်ရာကျန်းမာရေးအဖြာဖြာ

မေဇင်ထွန်း

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ကြုံတွေ့နေရသည့် နွေရာသီကာလများသည် တစ်နှစ်ထက်တစ်နှစ် ပို၍ပူပြင်းလာပါသည်။ ထိုသို့ ပြင်းထန်လွန်းသော အပူဒဏ်၊ ခရမ်းလွန်ရောင်ခြည်ဒဏ်တို့သည် လူသားများ၏ကျန်းမာရေးကို ဆိုးကျိုးများဖြစ်စေသည်။ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှုတို့နှင့်အတူ နောက်ဆက်တွဲပါလာသည်က သောက်သုံးရေရှားပါးမှုနှင့် ပြတ်လပ်မှုများပင်ဖြစ်ပေသည်။ ထိုသို့ သောက်သုံးရေ ရှားပါးပြတ်လပ်လာသည့်အခါ တစ်ကိုယ်ရေသန့်ရှင်းမှုအပိုင်းတွင် အားနည်းလာတတ်သည်။ ထိုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ကြွက်တက်ခြင်း၊ ခရမ်းလွန်ရောင်ခြည်သင့်ခြင်း၊ အရေပြားဓာတ်မတည့်ခြင်း၊ ယားယံမှုများဖြစ်ခြင်း၊ အပူကြောင့် သွေးလန့်ခြင်းများဖြစ်တတ်သည်။

ပူပြင်းလာသည့်နွေရာသီတွင် ဖြစ်လေ့အရှိဆုံးသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖော်ပြရမည်ဆိုလျှင်ဖြင့် အပူချိန်ပူပြင်းမှုကြောင့် ကြွက်တက်ခြင်း၊ အားအင်ကုန်ခန်းခြင်းနှင့် အပူလျှပ်ခြင်းတို့ဖြစ်သည်။ အဆိုပါကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ရခြင်းမှာ အပူချိန်ပြင်းလွန်းသောအချိန် နေပူထဲတွင် လုပ်ငန်းလုပ်ကိုင်ခြင်း သို့တည်းမဟုတ် ကလေးငယ်များ၊ အသက်အရွယ်ကြီးသူများ၊ အဝလွန်သူများကဲ့သို့သော သူများသည် ပို၍ချွေးထွက်တတ်သည့်အတွက် အဆိုပါပြဿနာများဖြစ်လေ့ရှိသည်။ ကြွက်တက်သည့်အဆင့်နှင့် အားအင်ကုန်ခန်းသည့်အဆင့်တွင် အချိန်ဆောလျင်စွာသိလျှင် အချိန်မီကုသနိုင်မည်ဆိုပါက ပိုအန္တရာယ်ကင်းနိုင်ခြေများသည်။ အပူလျှပ်သည့်အဆင့်ထိ မရောက်အောင်လည်း ကာကွယ်နိုင်ပါသည်။

ကြွက်တက်ခြင်းသည် အပူလျှပ်ခြင်း၏ပထမအဆင့်ဖြစ်ပြီး နေပူထဲတွင် လှုပ်ရှားလုပ်ကိုင်သူများ၊ သက်ကြီးရွယ်အို၊ ကလေးငယ်များ၊ အဝလွန်သူများနှင့် အရက်သေစာသောက်စားတတ်သူများ၌ ပို၍ဖြစ်လေ့ရှိသည်။ ကြွက်တက်သည့်အခါ ကြွက်သားများနာကျင်လာတတ်ပြီး ပူပြင်းလွန်းခြင်းကြောင့် ပုံမှန်ထက်ချွေးပိုထွက်လွန်ကာ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးသွားသည်။ ခန္ဓာကိုယ်၌ ရေဓာတ်ဆုံးရှုံးမှုများပြားလာသည့်အခါ လူသည် အားအင်လျော့နည်းကာ နုံးချည့်လာပါတော့သည်။ ထိုအချိန်တွင် မူးမော်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်တိုစိတ်ဆတ်ခြင်း၊ အလွန်အမင်း ရေဆာခြင်း၊ ပျို့အန်ခြင်း၊ ဖြူဖပ်ဖြူရော်ဖြစ်လာခြင်း၊ ချွေးထွက်လွန်ခြင်းနှင့် သတိလစ်ခြင်းများထိ ဖြစ်တတ်သည်။

အပူလျှပ်ခြင်းသည် အပူကြောင့်ဖြစ်သည့်ပြဿနာထဲတွင် အပြင်းထန်ဆုံးဖြစ်ပြီး နေပူထဲတွင် အချိန်ကြာကြာ အလုပ်လုပ်လျှင် အပူလျှပ်ခြင်းဖြစ်လေ့ရှိသည်။ အပူလျှပ်လျှင် ဦးနှောက်၏အပူချိန်ထိန်းသည့်ဇီဝကမ္မဖြစ်စဉ်ယန္တရားက အလုပ်မလုပ်နိုင်တော့ဘဲဖြစ်တတ်သည်။ ပုံမှန်အားဖြင့် ခန္ဓာကိုယ်သည် ပူလာလျှင် အပူကိုလျှော့ချရန် ခန္ဓာကိုယ်က ချွေးထွက်လေ့ရှိပြီး အပူလျှပ်သည့်အချိန်တွင် ခန္ဓာကိုယ်က ချွေးကိုမထုတ်ပေးတော့သည့်အတွက် ခန္ဓာကိုယ်၌ အပူများစုလာသည်။ အပူလျှပ်သည့်အခါများသောအားဖြင့် ခန္ဓာကိုယ်အပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက်ကျော်လာပြီး ကယောင်ကတမ်းဖြစ်ခြင်း၊ အသက်ရှူမြန်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း၊ အသားအရေခြောက်သွေ့ခြင်းတို့ဖြစ်တတ်သည်။ သို့သော်လည်း အပူလျှပ်သူများတွင် တစ်ခါတစ်ရံ ချွေးထွက်ခြင်းမျိုးရှိနိုင်သော်လည်း များသောအားဖြင့် ရေဓာတ်ဆုံးရှုံးသွားသည့်အတွက် အသားအရေသည် ခြောက်သွေ့ပြီး ပူချစ်နေတတ်



သည်။ ထိုအချိန်မျိုး၌ အချိန်မီဆေးကုသမှုမခံယူလျှင် အသက်ဆုံးရှုံးသည်ထိ ဖြစ်တတ်သည်။

ထိုသို့ အပူဒဏ်ခံရသည့်အခါတွင် အရေးအပေါ် ဆောင်ရွက်ရမည်များမှာ အရေးပေါ်လူနာတင်ယာဉ်ကိုဆက်သွယ်၍ ဆေးရုံသို့ ပို့ဆောင်ပေးရပါမည်။ ထို့နောက် သတိကောင်းစွာမရသေးသည့် သတိလစ်နေသူ၊ အန်နေသူကို မည်သည့်အရာမှ မတိုက်ကျွေးပါနှင့်။ ပူလွန်းသောနေရာမှ အေးသောနေရာသို့ ဦးစွာရွှေ့ပြောင်းပေးပါ။ အပူများခြင်းကြောင့် ကြွက်တက်လျှင် ကြွက်တက်သည့်ကြွက်သားနေရာကို အသာအယာနှိပ်နယ်ပေးပါ။ ထို့နောက် ဖြည်းညင်းစွာအကြောလျှော့ပေးပါ။ ထို့နောက် ၁၅ မိနစ်တစ်ခါ ရေအေးဖြစ်စေ၊ ဓာတ်ဆားရည်ဖြစ်စေ တိုက်ပေးရမည်ဖြစ်သည်။

အပူကြောင့် အားအင်ကုန်ခန်းသည့်အခါတွင်လည်း ထိုသူကို အရင်ဆုံး အေးသည့်နေရာသို့ရွှေ့ပေးပါ။ ပွပြီးချောင်သော၊ အေးသောချည်ထည်ကဲ့သို့ အဝတ်အစားများကို ပြောင်းလဲဝတ်ဆင်ပေးပါ။ အပူကြီးနေသည့်အတွက် တစ်ကိုယ်လုံးကို ရေဖတ်ဝတ်တိုက်ပေးပါ။ ဖြစ်နိုင်ပါက အဲကွန်း သို့မဟုတ် ပန်ကာဖွင့်ထားပေးပါ။ ထိုသူကိုလည်း ၁၅ မိနစ်တစ်ခါ ရေအေးဖြစ်စေ၊ ဓာတ်ဆားရည်ဖြစ်စေ တိုက်ပေးရမည်ဖြစ်သည်။ ရေသောက်သည့်အခါတွင်လည်း မြန်မြန်မသောက်မိစေရန် သတိပြုတိုက်ကျွေးရမည်ဖြစ်သည်။

အပူလျှပ်လျှင် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည့်အတွက် ဆေးရုံသို့အမြန်ဆုံးသွားကာ ကုသမှုခံယူရမည်ဖြစ်သည်။ ဆေးရုံသို့သွားနေချိန်အတွင်း အပူလျှပ်သူကို အေးသည့်နေရာတွင်ထားပါ။ ချွေးစိုနေသည့် အဝတ်အစားများကို လေဝင်လေထွက်ကောင်းသည့် ပွပွချောင်ချောင်အဝတ်အထည်များဖြင့် လဲလှယ်ဝတ်ဆင်ပေးပါ။ မျက်နှာသုတ်ပဝါအရွယ်ခန့်ရှိသောအဝတ်ကို ရေဆွတ်ပြီး လည်ပင်း၊ ချိုင်းအောက်၊ ပေါင်ခြံကဲ့သို့နေရာများ၌ ကပ်ထားပေးရပါမည်။ ထိုနေရာများတွင် သွေးကြောမကြီးများရှိသည့်အတွက် ထိုသို့ရေဝတ်ကပ်ပေးခြင်းသည် အပူကြီးပြီး အပူလျှပ်ခြင်းကို အမြန်ဆုံးသက်သာစေသည်။ အဘယ်ကြောင့်ဆိုသော် အခန့်မသင့်လျှင် အပူလျှပ်သည့်အခါ ဦးနှောက်သည် ရောင်ရမ်းလာတတ်သည်။ ဦးနှောက်ရောင်ရမ်းလာခြင်းမှသည် ဦးနှောက်ပျက်စီးသည်ထိ ဖြစ်စေသည့်အပြင် ကိုယ်တွင်းအင်္ဂါများကိုလည်း ပျက်စီးစေသောကြောင့် အပူလျှပ်ခြင်းကိုမပေါ့ဆသင့်ပေ။

အထက်တွင်ဖော်ပြထားသော ကျန်းမာရေးဆိုင်ရာ အပူပြဿနာများမှကာကွယ်ရန် အရောင်ဖျော့သည့် ချည်ထည်အဝတ်အစားများကို ဝတ်ဆင်ရပါမည်။ ဖျော့သည့်အရောင်ကို ရွေးချယ်ရခြင်းမှာ အရောင်တောက်တောက်များ၊ အဝတ်အထူများသည် ခန္ဓာကိုယ်ကို အပူများစုစေသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ထို့ပြင်ဖြစ်နိုင်လျှင် နေလောင်မခံပါနှင့်။ ထို့ကြောင့် အပြင်သွားလျှင် ထီး သို့မဟုတ် ဦးထုပ်ဆောင်း၍ သွားလာရပါမည်။ ထို့ပြင် နေလောင်ကာခရင်မ်လိမ်း၍ နေကာမျက်မှန်တပ်ခြင်းကိုလည်း ပြုလုပ်သင့်ပါသည်။ ခန္ဓာကိုယ်သည် ရေဓာတ်ပြည့်ဝနေလျှင် ဇီဝကမ္မဖြစ်စဉ်အရ ချွေးထွက်ပြီး အပူချိန်ကို ထိန်းနိုင်မည်ဖြစ်သဖြင့် ရေများများသောက်ပါ။

ထို့ပြင် ကားထဲတွင်ကလေးငယ်များကို အလုံပိတ်ကာထားခဲ့ခြင်းမျိုး မပြုလုပ်မိစေရန်သတိပြုရပါမည်။ အပူချိန်ကြောင့် ကလေးငယ်များသေဆုံးရမှုများသည် ကားထဲတွင် အလုံပိတ်ထားခဲ့သည့်အတွက် အပူလျှပ်ပြီး သေဆုံးရသည်ကများသည်။ အရိပ်ရသည့်နေရာတွင် ကားများကို ရပ်ထားခဲ့သည့်တိုင် ကားထဲတွင် အပူချိန်မြင့်သောကြောင့် နွေရာသီကာလ၌ ကလေးငယ်များ၊ အိမ်မွေးတိရစ္ဆာန်များကို ကားထဲတွင် အလုံပိတ်ထားသည့်အခါ ၁၀ မိနစ်အတွင်းမှာ ကိုယ်အပူချိန်သည် ၂၀ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်နိုင်သည့်အတွက် သတိပြုဆင်ခြင်ရပါမည်။ နေအပူပြင်းထန်သည့်အတွက် အရက်သေစာသောက်စားခြင်းကိုလည်း တတ်နိုင်သမျှဆင်ခြင်ရပါမည်။ နေပြင်းသည့်အချိန်၌ ရေများများသောက်ပေးရပါမည်။ အရိပ်ထဲ၌သာ တတ်နိုင်သမျှနေပါ။ လေ့ကျင့်ခန်းလုပ်သည့်အခါ ချွေးထွက်တတ်သည့်အတွက် လေ့ကျင့်ခန်းလုပ်ခြင်းကိုလည်း အပူသက်သာသည့် နံနက်ပိုင်း သို့မဟုတ် ညနေပိုင်းတွင် လုပ်ပါ။

အပူလွန်ကဲခြင်းဖြစ်နေကြောင်းကို ခန္ဓာကိုယ်က ပြနေသော သတိပေးလက္ခဏာများမှာ အပူချိန်ပြင်းနေသော်လည်း ချွေးမထွက်ခြင်း၊ မျက်နှာနီရဲခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်မားခြင်း၊ ရေငတ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ အသက်ရှူမြန်ခြင်း၊ ကြွက်သားများတင်းမာခြင်း၊ ထုံကျဉ်ခြင်း၊ တက်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်လာခြင်းနှင့် မူးမေ့လဲခြင်းတို့ဖြစ်ရာမှ နှလုံးခုန်ရပ်ကာ အသက်သေဆုံးသည်ထိ ဖြစ်နိုင်သည်။

အချုပ်ဆိုရလျှင် ကမ္ဘာကြီးတွင် အပူချိန်များသည် တစ်နေ့ထက်တစ်နေ့ ပိုပိုပူပြင်းလာသည့်အတွက်ကြောင့် အပူပြဿနာများဖြစ်ကာ အသက်မဆုံးရှုံးသင့်ဘဲ မဆုံးရှုံးစေရေးအတွက် သတိပြုဆင်ခြင်နေထိုင်ကြရပါမည်။ ထို့ပြင် ရေဓာတ်ဆုံးရှုံးခြင်း၊ ကြွက်တက်ခြင်းများမှကာကွယ်ရန် နေအပူရှိန်ပြင်းလွန်းသော မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအတွင်း ရေချိုးခြင်းများကို ဆင်ခြင်ခြင်းနှင့် နေပူထဲသို့ထွက်သည့်အခါတွင်လည်း ထီး သို့မဟုတ် ဦးထုပ်ဆောင်းခြင်း၊ အကျီလက်ရှည် ဝတ်ဆင်ခြင်းတို့ဖြင့် နွေရာသီ၏ အပူဒဏ်ကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ကာ အသက်ရှည်ကျန်းမာစေရေး ရေးသားအပ်ပါသည်။

**ကိုးကား**

- **Warning Signs and Symptoms of Heat-Related Illness**
- **Heat Illness; Prevention, Symptoms & Treatment**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၅၈ ဧက ရိတ်သိမ်းပြီးစီး

မင်းကင်း ပြေ ဖြ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၅၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ကုလားပဲတစ်ဧကလျှင် ၁၇ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၁၅၈ ဧက စိုက်ပျိုးထားတယ်။ လက်ရှိ ကုလားပဲစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးပါပြီ။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့တယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၁၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော် ကုန်ကျကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဉာဏ်ပညာဖြင့်ယှဉ်ပြိုင်လျှင် အောင်နိုင်

ကလေးတို့ရေ. . . ဒီတစ်ပတ်ပြောပြမဲ့ ပုံပြင်လေးကတော့ "ဉာဏ်ပညာဖြင့်ယှဉ်ပြိုင်လျှင် အောင်နိုင်" ဆိုတဲ့ ပုံပြင်လေးဖြစ်ပါတယ်။

ဟိုရှေးရှေးတုန်းက ဟိမဝန္တာတောအုပ်ထဲမှာ သင်းကွဲဆင်တစ်ကောင် နေသတဲ့။ သင်းကွဲဆင်ဆိုတာ ဘယ်ဆင်နဲ့မှ ချစ်ချစ်ခင်ခင်မနေတတ်လို့ သူ တစ်ကောင်တည်း အထီးကျန်စွာနေရတဲ့ဆင်ကို ပြောတာပါ။

အဲဒီဆင်က တစ်နေ့ပြီးတစ်နေ့ တောထဲမှာ အစာရှာစားတယ်။ ပြီးတော့ သူ့ခွန်အားကို ကြီးထွားသန်မာအောင် အမြဲလေ့ကျင့်နေသတဲ့။ သူ့ရဲ့လေ့ကျင့်ပုံက သစ်ပင်တွေကို အစွယ်နဲ့ထိုးပြီး သစ်ခေါက်တွေခွာတယ်။ သစ်ပင်ငယ်တွေဆိုရင် သူ့ရဲ့ကိုယ်လုံးကြီးနဲ့ တိုက်ချိုးပစ်သတဲ့။ ကိုယ်လုံးနဲ့တိုက်ချိုးလို့မရတဲ့အပင်တွေဆို သူ့ရဲ့နှာမောင်းနဲ့ အတင်းတွန်းလှဲတတ်သတဲ့ကွယ်။ ဒီလိုအပင်တွေကို တွန်းလှဲ၊ တိုက်ချိုးလုပ်တာကို သင်းကွဲဆင်ကြီးက သူ့ကိုယ်သူ့ခွန်အားအကြီးဆုံးဆိုပြီး ဂုဏ်ယူနေတတ်သတဲ့ကွယ်။ ဒီလိုလေ့ကျင့်ရတဲ့ ရည်ရွယ်ချက်က တခြားဆင်တွေနဲ့ တိုက်ခိုက်တဲ့အခါ သူ့ဘက်က အသာစီးရချင်လို့ ခွန်အားဗလတင်မကဘဲ တိုက်ခိုက်နည်းပရိယာယ်ကိုပါ တွေးခေါ်စဉ်းစားတတ်သတဲ့ကွယ်။

တစ်နေ့မှာတော့ သင်းကွဲဆင်ကြီးနေတဲ့တောအုပ်ထဲက ငှက်တော်တစ်ကောင်က ဆက်ရက်တစ်ကောင်နဲ့စကားပြောကြသတဲ့ကွယ်။

"ကိုရွှေဆက်ရက်. . . . . ကျွန်ုပ်တို့တောကတော့ ဘေးဆိုးရန်ဆိုးတွေ့နေပြီဗျို့"။


"ဟုတ်တယ်ဗျ။ ကျုပ်လဲ အဲဒါပဲ စဉ်းစားနေတာ"။

"ဘာတွေပြောကြတာလဲဗျ"

ငှက်နှစ်ကောင်စကားပြောနေစဉ် ချိုးတစ်ကောင်ရောက်လာသတဲ့။

"ဩော်. . . မသိသေးဘူးလားဗျ ကိုချိုး။ ကျုပ်တို့နေတဲ့တောမှာ ကျုပ်တို့နေတဲ့အိမ်တွေဖျက်ဆီးနေတဲ့ ဆင်တစ်ကောင်ရောက်နေတယ်ဗျ"

အဲဒီအချိန်မှာ ချိုးကဝမ်းနည်းသွားပြီး မျက်ရည်တွေကျလာသတဲ့ကွယ်။



"ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲဗျ။ ကျွန်တော်တို့ ဘာပြောမှားလို့လဲဗျ"

ငှက်တွေက ချိုးကိုဝိုင်းဝန်းမေးကြသတဲ့။

မနေ့က အဲဒီဆင်ကြောင့် ငါ့ကလေးနှစ်ကောင် အိမ်ထဲကပြုတ်ကျပြီး သေသွားပြီလေ။

"ဘယ်လိုဖြစ်တာလဲဗျ"

ငှက်တော်က သိလိုစိတ်နဲ့မေးလိုက်တယ်။

"သူတွန်းလှဲလိုက်တဲ့အပင်မှာ ငါအိမ်ဆောက်ထားတာလေ။ ငါ့အိမ်က မင်းတို့သိတဲ့အတိုင်းပဲ။ အပင်ပေါ်လေးမှာဆိုတော့ သူတွန်းလှဲလိုက်တာနဲ့ ငါ့ကလေးတွေပြုတ်ကျပြီးသေတယ်လေ"

ခေါက်ရှာငှက်ကလဲ သူအစာရှာနေတုန်း သစ်ခြောက်ပင်ကို အဲဒီဆင်ကြီးကတွန်းလှဲခဲ့တာကြောင့် သူလဲ သေဘေးကနေ သီသီလေးလွတ်ခဲ့ကြောင်းကို ပြောပြလေသတဲ့။

ပုရွက်ဆိတ်ကလဲ သင်းကွဲဆင်ကြောင့် သူတို့ရဲ့သားလောင်းဥတွေနဲ့ မြေကျင်းတွေ ဖြိုခံခဲ့ရကြောင်းကို ပြောပြလေသတဲ့ကွယ်။

ဒီလိုနဲ့ တောတိရစ္ဆာန်တွေဟာ တစ်ကောင်နဲ့တစ်ကောင် ခံစားရတဲ့ဒုက္ခတွေကို ပြောပြကြပြီး အကောင်းဆုံးအဖြေတစ်ခုကို တညီတညာတည်း ဆုံးဖြတ်ခဲ့ကြသတဲ့။

နောက်တစ်နေ့မှာတော့ သင်းကွဲဆင်က အခါတိုင်းနေ့တွေလို တောထဲမှာ လေ့ကျင့်နေသတဲ့။ အဲဒီနေ့က သူ့အတွက် အပျော်ရွှင်ရဆုံးနေ့လဲဖြစ်သတဲ့ကွယ်။ ဘာလို့လဲဆိုတော့ ဒီနေ့က သူ့အတွက် တောဆင်တစ်ကောင်ကို သူ့အစွယ်နဲ့ထိုးပြီး အနိုင်ယူခဲ့တဲ့နေ့ဖြစ်သတဲ့။


"အား. . . . . . ဘာကောင်လဲကွ။ ငါ့မျက်လုံးကို ထိုးလိုက်တာ ဘယ်သူလဲ"

"ငါပဲကွ" ဆိုပြီး ခေါက်ရှာငှက်က သစ်ပင်ပေါ်က လှမ်းအော်သတဲ့။ အဲဒီအချိန်မှာ သင်းကွဲဆင်က ဒေါသထွက်လာပြီး ခေါက်ရှာငှက်နေတဲ့သစ်ပင်ကို သူ့နှာမောင်းနဲ့အတင်းတွန်းလှဲသတဲ့။ ဒီအချိန်မှာပဲ သစ်ပင်ရဲ့ပင်စည်မှာ တွယ်ကပ်နေတဲ့ပုရွက်ဆိတ်တွေက ဆင်ကြီးရဲ့နားရွက်တွေ၊ မျက်လုံးတွေထဲကိုဝင်ပြီး တိုက်ခိုက်ကြသတဲ့။ ဒါပေမဲ့ ဆင်ကြီးကလဲ ရေရှိတဲ့ချိုင့်ဝှမ်းထဲကို အတင်းဆင်းပြေးသတဲ့။ မျက်လုံးတစ်ဖက်ကို ခေါက်ရှာငှက်က ထိုးဆိတ်ထားလို့ မမြင်ရတာကော၊ နားရွက်ထဲက ပုရွက်ဆိတ်တွေရဲ့တိုက်ခိုက်မှုဒဏ်ကြောင့်ပဲ ချိုင့်ဝှမ်းထဲမရောက်ခင် ကမ်းပါးပေါ်ကလိမ့်ကျလို့ အောက်မှာရှိနေတဲ့သစ်ကိုင်းနဲ့ ဗိုက်ကိုထိုးမိပြီး သေဆုံးသွားသတဲ့ကွယ်။

ကလေးတို့ရေ. . . ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့အားလုံးလဲ "ဉာဏ်ပညာဖြင့်ယှဉ်ပြိုင်လျှင် အောင်နိုင်" ဆိုတဲ့ ပုံပြင်ထဲက သင်းကွဲဆင်လို ကိုယ့်မှာ ခွန်အားဗလကြီးတိုင်း စိတ်ထင်ရာမလုပ်ကြဖို့နဲ့ ခွန်အားနည်းတယ်ဆိုတိုင်းလဲ စိတ်ဓာတ်မကျဘဲ ဉာဏ်ပညာနဲ့ယှဉ်ပြိုင်ရင် အရာရာအောင်နိုင်တယ်ဆိုတာကို သင်ခန်းစာယူကြပါလို့ တိုက်တွန်းရေးသားလိုက်ရပါတယ်ကွယ်။

**ချင်းတောင်လတ်ငြိမ်း**

## ကျောင်းပိတ်ချိန်



◆ ကျောင်းပိတ်ချိန်မှာ ဘာလုပ်မယ်
သားတို့မီးတို့ရယ်။
အပျင်းပြေဖွယ် ဆော့ကစား
အိုးပုတ်ချိုးရုပ်နွား။
◆ ကစားချိန်မှာ ကစားကာ
ဘိုးဘွားကျောင်းသွားရာ။
တရားနာကာ ဟောကြားပြ
လိုက်ပါနာယူကြ။
◆ မေ့မှစကူး တက်လို့ကွယ်
ကျောင်းပိတ်ထားချိန်ဝယ်။
အခြေခံရယ် တတ်ထားဖို့
သင်စို့ ကလေးတို့။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

**စာပေဗိမာန်စာမူဆုရ**

## ခမောက်ကလေး

◆ ဝါးပပ်လေးဖြင့် ချုပ်လို့ပင်
ရှုလေတိုင်းကွယ်ယဉ်။
ဦးခေါင်းပေါ်တင် အသုံးပြုကြ
ခမောက်လေးလှပ ။
◆ မိုးရွာနှင်းကျ နေပူစေ
ကာကွယ်ပေးလို့ပေ။
ဥတုတိုင်းလေ အသုံးကျ
ရိုးရာခမောက်ဗျ
လူတိုင်းနှစ်သက်ကြ။ ။



**ရွှေတိုး(ထုံးဘို)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားများ၌ ယခုဘဏ္ဍာနှစ် ဧပြီလတွင် ကုန်သေတ္တာတင်သင်္ဘောကြီး အစီးရေ ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေ



**ရန်ကုန် ဧပြီ ၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာသင်္ဘောလိုင်း ၁၅ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး အစီးရေ ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ထုတ်ပြန်သတင်းများအရ သိရသည်။

ပွင့်လင်းရာသီကာလအတွင်း ပြည်ပသို့ ဆန်နှင့်ကောက်ပဲသီးနှံများတင်ပို့ရာတွင် သင်္ဘောကြီးများ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ဝင်ထွက်နိုင်ရေး၊ သတ်မှတ်အချိန်အတိုင်း သင်္ဘောတင်ပြီးစီးနိုင်ရေး၊ အလေအလွင့်အနည်းဆုံးဖြင့် အရည်အသွေးနှင့် အရေအတွက်ပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လိုအပ်သည့် ကြီးကြပ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ နောက်ဆုံးလဖြစ်သည့် မတ်လတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားများတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ တံတားနေရာအပြည့် ဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ပထမဆုံးလဖြစ်သည့် ဧပြီလတွင် အပြည်ပြည်ဆိုင်ရာကုန်သေတ္တာသင်္ဘောလိုင်း ၁၅ လိုင်းမှကုန်သေတ္တာတင်သင်္ဘောကြီး အစီးရေ ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဧပြီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ MAERSK သင်္ဘောလိုင်းမှ သင်္ဘော ခုနစ်စီး၊ SAMUDERA သင်္ဘောလိုင်းမှ သင်္ဘောခြောက်စီး၊ COSCO သင်္ဘောလိုင်းမှ သင်္ဘောငါးစီး၊ CMA- CGMသင်္ဘောလိုင်းမှ သင်္ဘောလေးစီး၊ M.S.Cသင်္ဘောလိုင်းမှ သင်္ဘောလေးစီး၊ SITC သင်္ဘောလိုင်းမှ သင်္ဘောလေးစီး၊ T12 CONTAINER သင်္ဘောလိုင်းမှ သင်္ဘောလေးစီး၊ BLPL သင်္ဘောလိုင်းမှ သင်္ဘောသုံးစီး၊ EVERGREEN သင်္ဘောလိုင်းမှ သင်္ဘောသုံးစီး၊ R.C.Lသင်္ဘောလိုင်းမှ သင်္ဘောသုံးစီး၊ ONE သင်္ဘောလိုင်းမှ သင်္ဘောနှစ်စီး၊ P.I.L သင်္ဘောလိုင်းမှ သင်္ဘောနှစ်စီး၊ BAY သင်္ဘောလိုင်းမှ သင်္ဘောတစ်စီး၊ IAL သင်္ဘောလိုင်းမှ သင်္ဘောတစ်စီး၊ LANDANDSEA သင်္ဘောလိုင်းမှ သင်္ဘောတစ်စီး စုစုပေါင်း သင်္ဘောလိုင်း ၁၅ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး အစီးရေ ၅၀ ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၃၃၆)

# ဖြူးမြို့နယ် ညောင်အိုင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖြူး ဧပြီ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်အိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ညောင်အိုင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ၊ လအလိုက် ပေးပို့ရမည့် စာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဖြူးမြို့နယ် ညောင်အိုင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၂၂ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၅ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

**ရှိုလေး**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**






## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဇလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများကို ဆောင်ရွက်ပေးရ...

❖ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ပြည့်ဝနေရန်လို...

❖ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကို အလိုမလိုက်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## လိပ်ပြာပုံ ၂၀၀ ကျပ်တန် တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်




**နေပြည်တော် ဧပြီ ၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Common Yellow Swallowtail " လိပ်ပြာပုံ ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆန်း ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် ဧပြီ ၁၀ ရက်တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လဟယ်မြို့နယ် ထန်ပါခွေ-တာမောင်-မခွာလယ် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



**နေပြည်တော် ဧပြီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇၉ ဒသမ ၈၀၀ သန်းဖြင့်ဆောင်ရွက်ခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေ-တာမောင်-မခွာလယ်လမ်း ၂၄ မိုင်မှ မြေသားလမ်း လေးမိုင် ဖောက်လုပ်ခြင်းလုပ်ငန်း အရည်အသွေးပြည့်မီစွာရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## ထူးခြားသည့် နေ့အပူချိန်များ

(၆-၄-၂၀၂၄)

ချောက် ၄၆ ဒီဂရီဆဲလ်စီးယပ်

မြင်းခြံ ၄၄ ဒီဂရီဆဲလ်စီးယပ်

ညောင်ဦး ၄၄ ဒီဂရီဆဲလ်စီးယပ်

မင်းဘူး ၄၄ ဒီဂရီဆဲလ်စီးယပ်

မကွေး ၄၄ ဒီဂရီဆဲလ်စီးယပ်

တောင်တွင်းကြီး ၄၄ ဒီဂရီဆဲလ်စီးယပ်

စဉ့်ကိုင် ၄၃ ဒီဂရီဆဲလ်စီးယပ်

မန္တလေး ၄၃ ဒီဂရီဆဲလ်စီးယပ်

**ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်**

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီ ၁၃ ရက်(စနေနေ့)မှ ဧပြီ ၁၈ ရက်(ကြာသပတေးနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်းဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

